# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၇) ရက် ၊ စနေနေ့ ၊ (16-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၅**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှော၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ **စာမျက်နှာ ၁၇ ကော်လံ ၁**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စနစ်သစ်) ပဌမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၇၂၀၇ ဦးရှိ စာမျက်နှာ - ၂၀

မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများမြင့်တက်စေရန်လှုံ့ဆော်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန် စာမျက်နှာ - ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး စာမျက်နှာ - ၁၇




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ယဉ်ကျေးမှုသိမ်မွေ့အောင် သင်ကြားပျိုးထောင်

နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုးတို့၏ ဂုဏ်သိက္ခာသည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့ ကျင့်သုံးနေသော ယဉ်ကျေးမှုအပေါ်တွင် အဓိကတည်မှီလျက်ရှိပါသည်။ ယဉ်ကျေးမှုကို မြန်မာအဘိဓာန်၌ န-၁၊ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု။ ၂၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း။ ၃၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်ဖြင့်ဖွင့်ဆိုထားပါသည်။ မြန်မာ့ယဉ်ကျေးမှုသည် ကိုးကွယ်ယုံကြည်ရာဘာသာတရားကိုအခြေခံ၍ ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိစမြဲဖြစ်သည်။ မြန်မာတို့တွင်လည်း ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးစံများရှိခဲ့သည်မှာ နှစ်ပေါင်းထောင်ချီနေပြီ ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ဘာသာတရား အဆုံးအမအောက်တွင် မင်္ဂလာတရား၊ သင်္ဂဟတရား၊ ဗြဟ္မစိုရ်တရားများနှင့် ဟိရိဩတ္တပ္ပတရားအပေါ် အခြေခံလျက် မောင်နှင့်နှမ၊ မိဘနှင့်သား၊ ဆရာနှင့်တပည့်၊ ဧည့်သည်နှင့်အိမ်ရှင်၊ ခင်ပွန်းနှင့်ဇနီး၊ မိတ်ဆွေအချင်းချင်းအကြား မျှတညီညွတ်စွာ ပြုမူဆက်ဆံမှု၊ အပြန်အလှန်လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ မေတ္တာထားမှု၊ စာနာထောက်ထားမှု၊ ခွင့်လွှတ်သည်းခံမှုတည်းဟူသော မင်္ဂလာရန့်များ ဆွတ်ဖျန်းထုံမွှမ်းထားသည့် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ကြီးပြင်းလာကြပါသည်။

ထိုမြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ရှေးဘိုးဘွားတို့အမွေပေးခဲ့သည်ဖြစ်ရာ အတုယူဆက်ခံ၊ လိုက်နာပြီး တန်ဖိုးမှေးမှိန်ကျဆင်းခြင်းမရှိအောင် အမွေခံလူငယ်မောင်မယ်များက ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသားအရွယ် လူငယ်မောင်မယ်များကို ယခုနွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကိုအကျိုးရှိရှိအသုံးချပြီး မိမိတို့အတွက် အကျိုးရှိစေမည့် ယဉ်ကျေးလိမ္မာမှုများကို လေ့လာသင်ယူနိုင်ရန်၊ ကိုးကွယ်ယုံကြည်မှုနှင့်စပ်လျဉ်းပြီး သိသင့်သိထိုက်သင့် ယဉ်ကျေးမှုနီတိများ၊ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓဘာသာဝင်တိုင်း လက်ကိုင်ထားကျင့်သုံးအပ်သည့် မင်္ဂလသုတ်အပါအဝင် ဘာသာရေးဗဟုသုတများကို သိရှိလိုက်နာပြီး ယဉ်ကျေးသိမ်မွေ့သော မျိုးဆက်သစ်လူငယ်မောင်မယ်ကလေးများဖြစ်စေရန် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် တပ်မတော်သားမိသားစုဝင် ကျောင်းသားမောင်မယ်ကလေးများကို သင်ကြားပျိုးထောင်ပေးလျက်ရှိသည်မှာ အလွန်မွန်မြတ်မင်္ဂလာရှိသော လုပ်ရပ်တစ်ခုဖြစ်ပါသည်။

ကျောင်းသားလူငယ်မောင်မယ်များအရွယ်မှပင် ယဉ်ကျေးသိမ်မွေ့စေရန် ယဉ်ကျေးလိမ္မာသင်တန်းများက အရေးကြီးသည့်နည်းတူ လက်ဦးဆရာဖြစ်သော မိဘနှစ်ပါးတို့၏ ငယ်စဉ်ကတည်းက သင်ပြဆုံးမမှုကလည်း အရေးကြီးလှပါသည်။ ငယ်စဉ်ကတည်းက ယဉ်ကျေးသိမ်မွေ့လာပါက အရွယ်ရောက်လာစဉ်တွင် ကိုယ်နှုတ်နှလုံးသုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့ပြီး လူအများ၏ချစ်ခင်လေးစားမှုကို ရရှိမည်ဖြစ်ပါသည်။

ယဉ်ကျေးလိမ္မာမှုသည် တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားသည် လူမှုဆက်ဆံရေးဘဝမှပေါက်ဖွားလာသည်ဖြစ်ရာ လူအချင်းချင်းဆက်ဆံရေးတွင် ကိုယ်ကျင့်တရားခေါ် ယဉ်ကျေးလိမ္မာမှုသည် အထူးအရေးပါလှပါသည်။ ထို့ကြောင့် မိမိကိုယ်မိမိ ယဉ်ကျေးလိမ္မာအောင် စံနမူနာပြပြုကျင့်လိုက်နာကြပြီး မိမိ၏မျိုးဆက်လူငယ်မောင်မယ်များကိုလည်း ယဉ်ကျေးလိမ္မာအောင် သင်ကြားပျိုးထောင်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် အခိုင်အမာတည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ဒေသများသို့ ရေလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်



၂၀၂၃ ခုနှစ်က သောက်သုံးရေပေးဝေမှုကို တွေ့ရစဉ်။

**မန္တလေး မတ် ၁၅**

နွေရာသီကာလ ပူပြင်းသည့်အချိန်ရောက်ရှိလာတော့မည် ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် ဒေသများသို့ ရေလှူဒါန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာများရှိ ပြည်သူများ နွေကာလ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်သဖြင့် သက်ဆိုင်ရာမီးသတ်ဦးစီးဌာနသို့ အကူအညီတောင်းခံလာပါက သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်း၊ နယ်မြေခံမီးသတ်စခန်းတို့နှင့်ပူးပေါင်းပြီး ရေလှူဒါန်းခြင်းလုပ်ငန်းများကို နေရာဒေသမရွေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မီးသတ်ဦးစီးဌာနအနေနဲ့ အဓိက တာဝန်လေးရပ်ထဲက ပြည်သူအကျိုးပြုလုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထု အခက်အခဲဖြစ်နေတဲ့ သောက်သုံးရေရှားပါးတဲ့ဒေသတွေကို ရေလှူဒါန်းတဲ့လုပ်ငန်းတွေ မီးသတ်ယာဉ်တွေနဲ့ ဆောင်ရွက်ပေးပါမယ်။ ပြည်သူလူထုအနေနဲ့ကလဲ ကိုယ့်ဒေသမှာ သောက်သုံးရေရှားပါးပြတ်လပ်မှုရှိရင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် မီးသတ်စခန်းတွေနဲ့ချိတ်ဆက်ပြီးတော့ အကူအညီတောင်းခံမယ်ဆိုရင် မီးသတ်ဦးစီးဌာနအနေနဲ့ နေရာအရောက် ရေလှူဒါန်းပေးပါမယ်။ ရေပြတ်တာက နေရာဒေသမတူပါဘူး။ အချို့နေရာတွေက မတ်လ၊ ဧပြီလမှာ ရေပြတ်တာတွေရှိတယ်။ အချို့နေရာတွေက မေလမှာပြတ်တာရှိတယ်။ အကူအညီတောင်းရင် နေရာဒေသမရွေး လှူဒါန်းပေးပါမယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြသည်။

၂၀၂၃ ခုနှစ် နွေရာသီကာလက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေရှားပါးသည့်ဒေသများသို့ ရေဂါလန် ၁၇၉၆၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၁၅**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ဝယ်လက်ပျောက်နေမှုကြောင့် အရောင်းအဝယ်ကျဆင်းလာကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း၊ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းများကြောင့် အရောင်းအဝယ် အေးနေရခြင်းဖြစ်ကြောင်း သိရသည်။

"အခုအချိန်အထိ ဝယ်မဲ့သူတွေက ဈေးထပ်ကျအုံးမလား မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေကြပြီး ဝယ်ယူမှုတွေ တုံ့ဆိုင်းနေပါတယ်။ အဲဒီလို ဝယ်ယူဖို့ တုံ့ဆိုင်းနေတဲ့ အကျိုးဆက်က ဆောက်လုပ်ရေးနဲ့ အိမ်ခြံမြေလောကကို ကျဆင်းစေတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ လက်ရှိက လက်ကြီးသမားတွေလဲ ဝယ်ယူဖို့ရှောင်ထွက်လာကြတာ များပါတယ်"ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ယခုနှစ်ဆန်းပိုင်းက ငွေကျပ်သိန်း ၁၀၀၀ ခန့် ဈေးပေးဝယ်ယူမှုရှိခဲ့သည့် မြို့သစ်ပိုင်းများမှ ပေ (၄၀×၄၀) မြေကွက်များမှာ ယခုအခါ ငွေကျပ် သိန်း ၁၀၀၀ အောက် ဈေးခေါ်ရောင်းချနေသော်လည်း ဝယ်ယူမှုမရှိကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြရည်နန္ဒာ၊ ထွန်းတုံး၊ ကံသာယာအပိုင်းများ၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ မဟာမြိုင် အပိုင်း-၂၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ကျွဲဆည်ကန်၊ စက်မှု-၂ အပိုင်းများ၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းအဝယ်ဖြစ်နေမှုများအနက် ငွေကျပ် သိန်း ၈၀၀ ခန့်ပေါက်ဈေးရှိသည့် ပေ (၄၀×၆၀) မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး ၎င်းမြေကွက်များမှာ ယခင်က အနည်းဆုံးငွေကျပ်သိန်း ၁၀၀၀ ခန့်ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မတ် ၁၅**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲစင်းငုံ(ဖြူ)များကို ပြည်ပက ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ပြင် ပြည်တွင်းဈေးကွက်၌လည်း ပဲစင်းငုံ(ဖြူ)ကို အဝယ်ပြန်လိုက်လာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)တွေကို အခုလက်ရှိအချိန်မှာ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းဈေးကွက်ကလဲ ဝယ်ယူမှုများလာပါတယ်။ ပဲစင်းငုံ(ဖြူ)က မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲမှာ တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ ဒါပေမဲ့ ကုန်စည်လက်ကျန်နည်းပါးသွားတာမျိုး မရှိသေးပါဘူး။ ပဲစင်းငုံ(ဖြူ)က ဒီထက်ပိုပြီး ဈေးကောင်းရလာနိုင်ပါတယ်။ အခြားပဲတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မတ် ၁၄ ရက်ပေါက်ဈေးအရ ပဲစင်းငုံ(ဖြူ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်မြို့နယ် ဖုတ်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပြည် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖုတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ဖုတ်ကုန်းကျေးရွာ၌ အရှည်ပေ ၁၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ဖုတ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၄ သန်း အသုံးပြု၍ ပြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ဖုတ်ကုန်းကျေးရွာရှိ အိမ်ခြေ ၇၈ အိမ်မှ လူ ၃၀၉ ဦးတို့ သွားလာရေး အဆင်ပြေစေမည်ဖြစ်ပြီး သန့်ရှင်းသော သောက်ရေများရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်ကျန်ရစ်သူမိသားစုက ဦးစင်မောင်-ဒေါ်အုန်းကြင်၊ ဒေါ်တင်ဟန်၊ ဦးညီညီမောင်၊ ဦးကြည်လွင်၊ ကိုမင်းသန့်တို့အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ၁၄၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ငရုတ်စိုက်ပျိုးမှုတွေကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့ အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၃၅၈ ဧက၊ ပုလဲမြို့နယ်တွင် ၉၆ ဧက စုစုပေါင်း ၁၄၅၄ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ငရုတ်စိုက် တောင်သူများကို ငရုတ်အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်း ရရှိရန် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာ အာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်သည် စိုက်ပျိုးပြီး လေးလအကြာတွင် စတင်ခူးဆွတ်ရပြီး အသီးသီးချိန်ထိ တစ်ဧကစိုက်ပျိုးရာတွင် ကိုယ်ပိုင်ယာမြေဖြစ်ပါက ငွေကျပ် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးပါက ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သည် ၁၅ ရက်တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိခူးဆွတ်ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး နောက်တစ်ပတ်တွင် ပိဿာ ၄၀၀၊ ၅၀၀ ကြားထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် မင်းရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ခံကုန်းကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မင်းရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းရွာကျေးရွာ၌ ကျေးရွာတွင်း အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဓင်မာ**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဖေဖော်ဝါရီလအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် မိုးစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ မတ်လထဲမှာလဲ ဟသ်ာတမြို့နယ်ကဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု ဟသ်ာတမြို့နယ်မှဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၆၄)

ကြည်လွင်မြင့် (မုံရွာ)



**ကုသရမူလီ**

| | | |
|---|---|---|
| အင်္ဂလိပ်အမည် | - | Indian Birthwort |
| မျိုးရင်း | - | Aristolochiaceae (ကုသရမူလီမျိုးရင်း) |
| ရုက္ခဗေဒအမည် | - | Aristolochia indica Linn; |

**အဓိကဆေးဖက်ဝင်ပုံ**

အဆိပ်ပြေဆေး၊ အဆစ်ရောင်ကိုက်ခဲပျောက်ဆေး၊ ဝမ်းပျက်၊ ဝမ်းသွားအစာမကြေလေရောဂါ၊ အဖျားတက်၍ ငန်းဖမ်းခြင်း၊ မီးယပ်သွေးထိမ်ခြင်း၊ ကလေးသူငယ်များ သူငယ်နာဝမ်းပျက်ဖြစ်ခြင်း၊ ရေဖျဉ်းရောဂါ၊ အကြောသေရောဂါနှင့် အမျိုးသမီးများသားဖွားလွယ်ဆေး၊ မီးယပ်အကွက်ပျောက်ဆေးများဖော်စပ်ရာတွင် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ အထူးသဖြင့် မြေပြန့်ဒေသအပိုင်းများတွင် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်၊အရွက်။

**အပင်ပုံသဏ္ဌာန်**

ကုသရမူလီပင်သည် ပင်ပျော့နွယ်ပင်မျိုးဖြစ်သည်။ အခေါက်ကြမ်းပြီး ညိုမွဲသောအရောင်ပေါ်တွင် စိမ်းပြာရောင်အကွက်များရှိသည်။ အကိုင်းအခက်များ သေးသွယ်သည်။

ကုသရမူလီပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ သင်္ဘောသီးပုံသဏ္ဌာန်ရှိသည်။ ထိပ်ပိုင်းသည် ရွက်ရင်းပိုင်းထက်ကျယ်သည်။ ရွက်ထိပ်ချွန်သည်။ ရွက်လယ်ကြောထင်ရှားသည်။ ရွက်နားချော၍ အနည်းငယ်လှိုင်းတွန့်ရှိ၏။

ကုသရမူလီပင်၏အပွင့်သည် ပုံသဏ္ဌာန်ဆန်းကြယ်သည်။ ပွင့်ညှာတံသည် အကိုင်းအဖျားရှိ အရွက်တို့၏ အရင်းနားမှကပ်၍ထွက်သည်။ အပွင့်သည် ရေတကောင်းပုံသဏ္ဌာန်ဖြစ်ပြီး နှုတ်ခမ်းတစ်ဖက်ရှည်ကာ ခရမ်းညိုရောင်ရှိသည်။ အရင်းပိုင်းမှာ စိမ်းဖန့်ဖန့်အရောင်ရှိသည်။ တန်ဆောင်မုန်းလ၊ နတ်တော်လတို့တွင်ပွင့်သည်။

ကုသရမူလီပင်၏အသီးသည် အစိမ်းရောင်ဖြစ်၍ ကျောက်ဖရုံသီးငယ်ပုံရှိပြီး အမြောင်းခြောက်မြောင်းပါသည်။ တစ်မြောင်းလျှင် အစေ့များစွာပါရှိ၍ အစေ့မှာ သုံးထောင့်ပုံဖြစ်ပြီး ပြား၍အတောင်ရှိသည်။ တပို့တွဲလ၌ အသီးရင့်၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအလိုအရ ကုသရမူလီပင်သည် ခါး၏။ ဖန်၏။ အဆိပ်အမျိုးမျိုးတို့ကိုနိုင်၏။ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါ၊ ကလေးများအူတွင်း၌ဖြစ်တတ်သောရောဂါ၊ အစာမကြေလေရောဂါနှင့် အဆစ်ကိုက်ခဲဖောရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ဥတုသွေးကိုလည်းမှန်စေ၏။ သွေးလွန်နာ၊ သွေးဖောက်ပြန်သောအနာနှင့် မူးဝေသောဝေဒနာတို့ကို ချမ်းသာစေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကင်းစသော အဆိပ်ရှိသည့်အကောင်ငယ်များ ကိုက်လျှင် ကုသရမူလီအမြစ်ကို သွေးလိမ်းလျှင် အဆိပ်ကျစေနိုင်သည်။

၂။ ကိုယ်လက်အဆစ်အမျက်များ ကိုက်ခဲလျှင် ကုသရမူလီအမြစ်မှုန့်ကို ဆားလှော်၊ ဂျုံပြာတို့နှင့်ဆတူရောစပ်၍ ရေနွေးဖြင့်သောက်ပေးပါက ကိုက်ခဲခြင်းနှင့် အဆစ်ရောင်ခြင်းများ ပျောက်ကင်းစေနိုင်သည်။

၃။ အစာမကြေလေရောဂါရှိပြီး ဝမ်းကြောများတင်းရောင်လျှင် ကုသရမူလီအမြစ်မှုန့်ကို ချင်းခြောက်မှုန့်နှင့်ရော၍ ဟင်းစားဇွန်းတစ်ဝက်ခန့် တစ်နေ့နှစ်ကြိမ် သောက်သုံးပေးပါ။

၄။ သွေးဝမ်းသွားလျှင် ကုသရမူလီအမြစ်မှုန့်ကို ထန်းလျက်၊ ဆားလှော်တို့နှင့် ရောကျိုပြီး သောက်သုံးပေးပါက သွေးဝမ်းသွားခြင်းကို တဖြည်းဖြည်းသက်သာစေနိုင်သည်။

၅။ ဖျား၍ငန်းဖမ်းခြင်း၊ လျှာလေးခြင်းများဖြစ်ပါက အမြစ်ကိုသွေး၍ လျှာကိုပွတ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

၆။ အမျိုးသမီးများ မီးယပ်ထိမ်ချုပ်ခြင်း၊ လကျော်ခြင်းများဖြစ်လျှင် ကုသရမူလီအမြစ်မှုန့်ကို ငရုတ်ကောင်းမှုန့်နှင့်ဆတူရောပြီး ဆားအနည်းငယ်ထည့်၍ ရေနွေးဖြင့်သောက်ပါက မီးယပ်မှန်လာစေနိုင်သည်။

၇။ ကလေးများ သူငယ်နာဝမ်းပျက်ဖြစ်ခြင်း၊ ဝမ်းပျက်၍ အဖျားဝင်လာခြင်းဖြစ်သော် အမြစ်ကိုသွေးပြီး အနည်းငယ်တိုက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၈။ ကိုယ်ဝန်ဆောင်မိခင်များသည် သားဖွားလွယ်စေရန်အတွက် ကုသရမူလီအမြစ်ကိုသွေး၍ သောက်ပေးခြင်း၊ ချက်တိုင်တွင်ပတ်၍ လိမ်းပေးခြင်းများပြုလုပ်ပါက ကလေးမွေးဖွားရလွယ်ကူစေသည်။ ကလေးမွေးပြီးနောက် မီးယပ်ကွက်များဖြစ်လျှင်လည်း အမြစ်ကို သွေးလိမ်းခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၉။ ကလေးသူငယ်များ လည်ချောင်းအတွင်း၌ အပူဖုများပေါက်လျှင်၊ လည်ပင်းတွင် အပူကျိတ်များထွက်လျှင် ကုသရမူလီပင် ပဥ္စင်းပါးကိုအရည်ညှစ်၍ ကလေးအရွယ်နှင့် ချင့်ချိန်တိုက်ကျွေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၀။ ရေဖျဉ်းရောဂါဖြစ်လျှင် ကုသရမူလီအရွက်ကိုအရည်ညှစ်ယူ၍ ဆားမီးဖုတ်အနည်းငယ်ဖြင့် ဟင်းစားဇွန်းသုံးဇွန်းခန့် နံနက်၊ ညတိုက်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၁။ အကြောတက်ကိုက်ခဲခြင်း၊ တစ်ကိုယ်လုံးအေးစက်၍ သတိလစ်ခြင်းများဖြစ်သူကို ကုသရမူလီအရွက်သုံးရွက်ကို ငရုတ်ကောင်းခုနစ်စေ့နှင့်ရောကာ ညက်အောင်ကြိတ်ပြီး တိုက်ကျွေးပေးပါက သွေးလေအကြောများပွင့်၍ ပြန်လည်လှုပ်ရှားကျန်းမာလာစေနိုင်သည်။

❖ မြန်မာဆေးကျမ်းများအလိုအရ ကုသရမူလီသည် ခါး၏။ ဖန်၏။ အဆိပ်အမျိုးမျိုးတို့ကိုနိုင်၏။ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါ၊ ကလေးများ အူတွင်း၌ဖြစ်တတ်သောရောဂါ၊ အစာမကြေလေရောဂါနှင့် အဆစ်ကိုက်ခဲဖောရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ဥတုသွေးကိုလည်းမှန်စေ၏။ သွေးလွန်နာ၊ သွေးဖောက်ပြန်သောအနာနှင့် မူးဝေသောဝေဒနာတို့ကို ချမ်းသာစေတတ်၏။ ❖

**ဩဇာ**

| | | |
|---|---|---|
| အင်္ဂလိပ်အမည် | - | Custart apple |
| မျိုးရင်း | - | Annonaceae (ဩဇာမျိုးရင်း) |
| ရုက္ခဗေဒအမည် | - | Annonas quamosa Linn; |

**အဓိကဆေးဖက်ဝင်ပုံ**

သန်ကောင်၊ တုတ်ကောင်ကျဆေး၊ အမူးအမော်ပျောက်ဆေး၊ ထိပ်ကပ်နာပျောက်ဆေး၊ အကြောငုပ်ခြင်း၊ တတ်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ အစာအိမ်မကောင်းခြင်း၊ လေနာ၊ ဆီးချုပ်နာ၊ ဝက်ရူးနာများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အသီး၊ အစေ့၊ အမြစ်နှင့်အခေါက်။

**အပင်ပုံသဏ္ဌာန်**

ဩဇာပင်သည် ရွက်ကြွေပင်ငယ်မျိုးဖြစ်၍ အမြင့် ၁၅ ပေမှ ပေ ၂၀ ထိမြင့်သည်။ အကိုင်းများဖြာထွက်ပြီး နီညိုရောင်ရှိသည်။ အခေါက်တွင် မီးခိုးရောင်အကွက်များရှိသည်။

ဩဇာပင်၏အရွက်သည် ရွက်လွှဲထွက်သည်။ ဘဲဥပုံရှည်မျောမျောဖြစ်၍ ရွက်ရင်းသွယ်ပြီး ရွက်ထိပ်ချွန်သည်။ ရွက်နားညီသည်။ ရွက်ညှာတိုသည်။ အရွက်အပေါ် မျက်နှာပြင်အနည်းငယ်ကြမ်းသည်။ ရွက်ကြောထင်ရှားသည်။ အနံ့ရှိသည်။

ဩဇာပင်၏အပွင့်သည် တစ်ပွင့်တည်း သို့မဟုတ် နှစ်ပွင့်မှ လေးပွင့်ထိပွင့်သည်။ သေးငယ်၍ မွှေးပြီး စိမ်းဝါရောင်ရှိသည်။ တပေါင်းလ၊ တန်ခူးလတွင်ပွင့်သည်။

ဩဇာပင်၏အသီးသည် အစိမ်းရင့်ရောင်ရှိ၍ တစ်လုံးချင်း သို့မဟုတ် စုပြုံ၍ သီးသည်။ အစေ့များစွာပါသော အခွံပျော့သီးမျိုးဖြစ်သည်။ အသားထူသည်။ အေးသောအနံ့ရှိသည်။ နယုန်လ၊ ဝါဆိုလတွင် စတင်သီးသည်။ အစေ့သည် ချိုသောအသားပျော့ဖြင့် ဖုံးအုပ်ထားသည်။ အနက်ရောင်ရှိ၍ တောက်ပသည်။ အစေ့မှ အဆီထုတ်ယူနိုင်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအလိုအရ ဩဇာသီးသည် အေး၏။ သွေးအားကိုတိုးပွားစေသည်။ နှလုံးကိုအကျိုးပြုသည်။ ပူလောင်ခြင်း၊ လေပူရောဂါနှင့် သွေးအန်သွေးကျရောဂါများကို ပယ်ဖျောက်နိုင်၏။

❖ မြန်မာဆေးကျမ်းများအလိုအရ ဩဇာသီးသည် အေး၏။ သွေးအားကိုတိုးပွားစေသည်။ နှလုံးကိုအကျိုးပြုသည်။ ပူလောင်ခြင်း၊ လေပူရောဂါနှင့် သွေးအန်သွေးကျရောဂါများကို ပယ်ဖျောက်နိုင်၏။ ❖

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကလေးများ သန်ရှိလျှင်၊ တုတ်ကောင်ရှိလျှင် ဩဇာရွက်ကိုကြိတ်၍ ထန်းလျက်နှင့် ရောကျွေးပါ။

၂။ အမူးအမော်ရောဂါရှိလျှင် ဩဇာရွက်ကိုခြေ၍ ရှူပေးပါ။

၃။ လေနာခြင်း၊ ခံတွင်းမကောင်းခြင်း၊ ဝမ်းပျက်ဝမ်းကိုက်ရောဂါရှိခြင်းများအတွက် ဩဇာသီးကို စားသုံးပေးပါ။

၄။ ဩဇာစေ့ကိုအခြောက်ခံ၍ အမှုန့်ပြုလုပ်ပြီး ပိုးတွယ်သောအနာများတွင် ဖြူးပေးပါက ပိုးများသေစေနိုင်သည်။

၅။ ဝက်ရူးနာဖြစ်ပါက ဩဇာစေ့ကိုမီးရှို့ပြီး အငွေ့ကိုမှိုင်းရှူပေးပါ။



၆။ ဆီးချုပ်ရောဂါဖြစ်လျှင် ဩဇာအမြစ်ကိုသွေး သောက်ပါက ပျောက်ကင်းစေနိုင်သည်။

၇။ လည်ပင်းကြီးရောဂါ၊ သိုင်းရှိုက်အကျိတ်စစ်ထွက်ရည်နည်းသောရောဂါရှိသူများသည် ဩဇာသီးကို များများစားသုံးပေးခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်။

၈။ တိုင်းရင်းဆေး အားဆေးများ ဖော်စပ်ရာတွင် ဩဇာပင်၏အခေါက်ကို အခြားအားဆေးအမည်များနှင့် တွဲဖက်ဖော်စပ်အသုံးပြုနိုင်ပါသည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးပြီးစီး

**ဘုတလင် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၀၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၈၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ဘုတလင်မြို့နယ်မှာ နေကြာဧက ၁၈၀၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၁၈၁၂၀ စိုက်ပျိုးပြီးပါပြီ။ နေကြာကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ နေကြာတိုးချဲ့စိုက်ပျိုးဖို့လဲ လုပ်ဆောင်နေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်အတွင်း နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)



## ရပ်စောက်မြို့နယ် ပိန္နဲပင်(ရွာဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် မတ် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန္နဲပင်(ရွာဟောင်း) ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က ပိန္နဲပင်(ရွာဟောင်း)ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၇၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲပင်(ရွာဟောင်း)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၇၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရျိုသန်းညွန့်**

# နွေဦးပန်းချီ

- ရွက်ဝါတို့ကြွေ လေရူးမွှေ
မြူခြေ မြူခိုး လွင့်ပျံစိုး
ထက်မိုးတိမ်ယံဆန့်သလေ့။

- ရွက်နုပြုလှစ် မြပုရစ်
ဖူးသစ်ပွင့်လှိုင် ပွင့်ပန်းမြိုင်
ဂနိုင်တောတန်း လွှမ်းသလေ့။

- လေရူး စုန်ဆန် ဝေ့ဝဲပျံ
လက်ပံရဲရဲ ပေါက်နှင့်လဲ
နွေပွဲသဘင် ဆင်သလေ့။

- သရက်နှင့်ဆီး ပွင့်ညွတ်သီး
မန်ကျည်းလည်းမြိုင် သီးကင်းပြိုင်
သီးခိုင်ပင်လုံး ဖုံးသလေ့။

- ကံ့ကော်ဝေဆာ ဖူးသစ်ဖြာ
တမာရနံ့ ရှင်းကြည်သန့်
ခင်းဖြန့်ရပ်တွင်း သင်းသလေ့။

- ဥဩတွန်သံ လွမ်းဖွယ်ဖန်
မြိုင်ယံတစ်ဝှမ်း ပဲ့တင်လွှမ်း
ချမ်းမြတင့်ဆန်း လန်းသလေ့။

- ငှက်ကျေးစုံစွာ သံစုံဖြာ
ညံစာ ကျီး နှိုး၊ ချိုး သံ စိုး
နိုးထသီကျူး မြူးသလေ့။

- တံလျှပ်ယှက်သန်း စုတ်ချက်ဖမ်း
နွေပန်းချီကား ပုံရိပ်များ
ညို့စားနှောင်ချည် ဆွဲရိပ်တည်
ခြယ်သီ ထုံမွှမ်း ကျွမ်းရသလေ့
ဘယ်ဆီခြုံလွှမ်း လွမ်းရပေ့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

## ဘားအံမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၄၆ ဒသမ ၈၁၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် DNT ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လှ**




# ခရိုအေးရှား၌ လွှတ်တော်အမတ်အများစု၏ ထောက်ခံမှုဖြင့် လွှတ်တော်ကို ဖျက်သိမ်း

**ဇာဂရက် မတ် ၁၅**

ယခုနှစ်ကုန်ပိုင်းတွင် ရွေးကောက်ပွဲများကျင်းပနိုင်ရန် လမ်းဖွင့်ပေးသည့်အနေဖြင့် ခရိုအေးရှားနိုင်ငံက မတ် ၁၄ ရက်တွင် လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။

မတ် ၁၄ ရက်တွင် ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဖျက်သိမ်းရေးအဆိုကို လွှတ်တော်အမတ် ၁၅၁ ဦးအနက် ၁၄၃ ဦးတို့၏ထောက်ခံမှုဖြင့် အတည်ပြုနိုင်ခဲ့သည်။

ခရိုအေးရှားနိုင်ငံသည် လက်ရှိအချိန်တွင် လွှတ်တော်ရွေးကောက်ပွဲများကျင်းပမည့်နေ့ရက်ကို သတ်မှတ်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ခရိုအေးရှားလွှတ်တော် ရွေးကောက်ပွဲကို ဥရောပပါလီမန်ရွေးကောက်ပွဲများ မကျင်းပမီ ကျင်းပရနိုင်ကြောင်း ခရိုအေးရှားဝန်ကြီးချုပ်အန်းဒရက်ဇ်ဖလန်ကိုဗစ်က ပြောကြားထားသည်။

ဥရောပပါလီမန်ရွေးကောက်ပွဲများကို ယခုနှစ်ဇွန် ၆ ရက်မှ ၉ ရက်ထိကျင်းပရန် ဥရောပသမဂ္ဂက စီစဉ်ထားသည်။

ခရိုအေးရှားနိုင်ငံသည် သမ္မတရွေးကောက်ပွဲကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ရုရှားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲစတင်ကျင်းပ နိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်း ၁၀၀၀၀၀ ခန့်တွင် ပြည်သူများလာရောက်မဲပေး



**မော်စကို မတ် ၁၅**

ရုရှားနိုင်ငံသည် သုံးရက်ကြာမြင့်မည့် သမ္မတရွေးကောက်ပွဲကို ယနေ့တွင် စတင်ကျင်းပခဲ့ရာ ရုရှားနိုင်ငံတစ်ဝန်း မဲရုံများ၌ ရုရှားပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

ယနေ့မှ မတ် ၁၇ ရက်ထိ ကြာမြင့်မည့် သမ္မတရွေးကောက်ပွဲအတွက် အချိန်ဇုန်ပေါင်း ၁၁ခု ရှိသော ရုရှားနိုင်ငံတစ်ဝန်း၌ မဲရုံပေါင်း ၁၀၀၀၀၀ခန့်ကို ရုရှားအစိုးရက ဖွင့်ပေးထားသည်။

ထို့ပြင် ယခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲတွင် ရုရှားမဲဆန္ဒရှင်များအနေဖြင့် ပထမဆုံးအကြိမ်အွန်လိုင်းမှတစ်ဆင့် မဲပေးခွင့်ရခဲ့ကြသည်။

ရုရှားနိုင်ငံသည် ယခုနှစ်သမ္မတရွေးကောက်ပွဲကို ရုရှားထိန်းချုပ်မှုအောက်တွင်ရှိသည့်ယူကရိန်းနယ်မြေများတွင်လည်း ကျင်းပခဲ့သည်။

ယခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတပူတင်အပါအဝင် သမ္မတလောင်းလေးဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ အသက် ၇၁ နှစ်အရွယ် လက်ရှိသမ္မတ ပူတင်ကသာ ယခုနှစ်ရွေးကောက်ပွဲ၌ထပ်မံအနိုင်ရရန် သေချာသလောက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# မြေထဲပင်လယ်၌ ရေယာဉ်နစ်မြုပ် ရွှေ့ပြောင်းဝင်ရောက်သူ ၆၀ ခန့် သေဆုံးခဲ့ဖွယ်ရှိ

**ရောမ မတ် ၁၅**

လစ်ဗျားနိုင်ငံမှ အီတလီသို့မဟုတ် မော်လ်တာနိုင်ငံသို့သွားရောက်ရေးအတွက် မြေထဲပင်လယ်ဒေသကို ဖြတ်သန်းမောင်းနှင်နေသည့် ရေယာဉ်တစ်စီး နစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၆၀ ထိ သေဆုံးခဲ့ရဖွယ်ရှိကြောင်း မတ် ၁၄ ရက်သတင်းများအရ သိရသည်။

အဆိုပါရေယာဉ်သည် မတ်၁၃ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ရေယာဉ်နစ်မြုပ်ပြီးနောက် ရွှေ့ပြောင်းဝင်ရောက်သူ ၂၅ ဦးကို ကယ်တင်ထားနိုင်ကြောင်း အီတလီကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အီတလီကမ်းခြေစောင့်တပ်နှင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေရေးလုပ်ငန်းများဆက်လက်လုပ်ဆောင်ခဲ့ရာ လူပေါင်း ၁၁၃ ဦးကို ထပ်မံကယ်တင်နိုင်ခဲ့သည်။

မြေထဲပင်လယ် အလယ်ပိုင်းသည် ကမ္ဘာပေါ်၌ ရွှေ့ပြောင်းဝင်ရောက်သူသေဆုံးမှု အများဆုံးရေလမ်းကြောင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အဆိုအရ ၂၀၂၃ ခုနှစ်တွင် မြေထဲပင်လယ်ဒေသကို ဖြတ်ကျော်ရန်ကြိုးပမ်းရင်း သေဆုံးခဲ့ရသည့် ရွှေ့ပြောင်းဝင်ရောက်သူပေါင်း ၂၅၀၀ နီးပါးရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်ဒေသကို ဖြတ်သန်းရင်း သေဆုံးခဲ့ရသူပေါင်းမှာ လက်ရှိအချိန်ထိ ၂၂၆ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# ဂါဇာကမ်းမြောင်ဒေသသို့အကူအညီများပေးရန် ဆိုက်ပရပ်စ်နိုင်ငံမှထွက်ခွာခဲ့သည့် ရိက္ခာပို့သင်္ဘော ဂါဇာသို့ရောက်ရှိ

**ဂါဇာစီးတီး မတ် ၁၅**

စားနပ်ရိက္ခာများ တင်ဆောင်ထားသည့်တွဲတစ်တွဲကို ချိတ်တွဲထားသည့် သင်္ဘောတစ်စီးသည် ယနေ့တွင် ဂါဇာကမ်းမြောင်သို့ ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါသင်္ဘောသည် ဂါဇာကမ်းမြောင်သို့အကူအညီများပေးအပ်ရာတွင် ရေလမ်းကြောင်းသစ်ဖွင့်ရေးအတွက် ရှေ့ပြေးစမ်းသပ်မှုအဖြစ် ဆိုက်ပရပ်စ်မှ ထွက်ခွာလာခဲ့သည့် သင်္ဘောဖြစ်သည်။

ဂါဇာကမ်းမြောင်သို့ ရောက်ရှိလာသည့်အဆိုပါသင်္ဘောချိတ်တွဲယူလာသည့် ကုန်တွဲပေါ်တွင် စားနပ်ရိက္ခာတန်ချိန် ၂၀၀ ထိ တင်ဆောင်ထားသည်။

ရှေ့ပြေးခရီးစဉ် အောင်မြင်မှုကြောင့် ဒုတိယမြောက်ရိက္ခာပို့သင်္ဘောတစ်စီးကို ဆိုက်ပရပ်စ်နိုင်ငံမှတစ်ဆင့် ထပ်မံစေလွှတ်ရန် နိုင်ငံတကာပရဟိတအဖွဲ့အစည်းများက စီစဉ်ထားသည်။

ငါးလကျော်ကြာမြင့်လာပြီဖြစ်သည့် အစ္စရေး-ဟားမတ်စ် စစ်ပွဲကြောင့် ဂါဇာဒေသနေပြည်သူများ အငတ်ဘေးနှင့် ရင်ဆိုင်ရမည့်အချိန်တွင်ဂါဇာကမ်းမြောင်သို့ အကူအညီများ ပိုမိုပေးပို့နိုင်ရေးအတွက် နိုင်ငံတကာက ကြိုးပမ်းလျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဂါဇာစစ်ပွဲကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးခဲ့ရသော ပါလက်စတိုင်းအရေအတွက်မှာ ၃၁၀၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



**Ref : Xinhua**

**Trs : KKO**

# ဇင်ဘာဘွေဘာသာရေးဂိုဏ်းဆရာတစ်ဦး ကလေးသူငယ်များအား ညှဉ်းပန်းအမြတ်ထုတ်မှုဖြင့် တရားစွဲဆိုခံရ

**ဟာရာရီ မတ် ၁၅**

ဘာသာရေးအယူသီး ဂိုဏ်းဆရာတစ်ဦးကို ကလေးသူငယ်အနိုင်ကျင့် ညှဉ်းပန်းအမြတ်ထုတ်မှုဖြင့် ဇင်ဘာဘွေရဲတပ်ဖွဲ့က မတ် ၁၄ ရက်တွင် တရားစွဲဆိုရုံးတင်ခဲ့သည်။

အစ်ရှ်မေးချိုကူရွှန်ဂျာဝါအမည်ရှိ ၎င်းအမျိုးသား၏ လယ်တောကို စီးနင်းရှာဖွေရာတွင် ကလေး ၂၅၁ဦးကို တွေ့ရှိကယ်ဆယ်ခဲ့ရပြီးနောက် ချိုကူရွှန်ဂျာဝါကို ကလေးသူငယ် အနိုင်ကျင့်ညှဉ်းပန်းမှုဖြင့် ဇင်ဘာဘွေရဲတပ်ဖွဲ့က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဘုရားသခင်၏ကိုယ်စားလှယ်တော်အဖြစ် ကိုယ့်ကိုယ်ကိုယ်ကြေညာထားသောချိုကူရွှန်ဂျာဝါ၏ လယ်တောကို ဇင်ဘာဘွေရဲတပ်ဖွဲ့က ယခုရက်သတ္တပတ်အတွင်း စီးနင်းရှာဖွေခဲ့ခြင်းဖြစ်သည်။

ချိုကူရွှန်ဂျာဝါ၏ လယ်တော၌ တွေ့ရှိရသည့် ကလေးများမှာ ကျောင်းနေအရွယ် ကလေးများမဟုတ်ဘဲ အများစုတွင် မွေးစာရင်းပင်မရှိကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ချိုကူရွှန်ဂျာဝါသည် ကလေးများကို အဖိုးအခအနည်းငယ်သာပေး၍ အလုပ်ကြမ်းများခိုင်းစေခြင်းဖြင့် ကလေးသူငယ် အနိုင်ကျင့်အမြတ်ထုတ်မှုကျူးလွန်ခဲ့ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အသက် ၅၆ နှစ်အရွယ် ချိုကူရွှန်ဂျာဝါ၏လယ်တောကို စီးနင်းရှာဖွေစဉ် တရားမဝင်ထားရှိသည့် သင်္ချိုင်းမြေပုံများကိုလည်း ဇင်ဘာဘွေရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်၏ဒြပ်ဆွဲအားက ကမ္ဘာမြေ၏ရာသီဥတုအပေါ် နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင်တစ်ကြိမ်ကျ အကျိုးသက်ရောက်မှုရှိတတ်



**ကင်ဘာရာ မတ် ၁၅**

အင်္ဂါဂြိုဟ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်းသန်း ၁၄၀ ခန့်အကွာတွင်ရှိသော်လည်း အင်္ဂါဂြိုဟ်၏ ဒြပ်ဆွဲအားသည် ကမ္ဘာမြေ၏ရာသီဥတုအပေါ် နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင် တစ်ကြိမ်ကျအကျိုးသက်ရောက်မှုရှိတတ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်၏ ဒြပ်ဆွဲအားသက်ရောက်မှုကြောင့် ကမ္ဘာ့သမုဒ္ဒရာရေအောက်၌ နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင် တစ်ကြိမ်ကျ ရေမရေဝဲကြီးများ ပေါ်လာတတ်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်၏ ဥတုရာသီများအပေါ် အင်္ဂါဂြိုဟ်ဒြပ်ဆွဲအား သက်ရောက်မှုသည် နှစ်ပေါင်းသန်း ၄၀ ကြာ ဖြစ်ပွားခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ဒြပ်ဆွဲအား သက်ရောက်မှုကြောင့် ကမ္ဘာ့သမုဒ္ဒရာရေအောက်၌ ရေဝဲများပေါ်လာချိန်တွင် ကမ္ဘာကြီး၏ရာသီဥတု ပို၍ပူနွေးလာတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဩစတြေးလျသိပ္ပံပညာရှင်များသည် သမုဒ္ဒရာကြမ်းပြင်ရေအောက်မြေစာနမူနာများကို တူးဖော်ရယူလေ့လာခဲ့ပြီးနောက် ၎င်းတို့တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်နှင့်ကမ္ဘာဂြိုဟ်ကြား ဒြပ်ဆွဲအား အပြန်အလှန်သက်ရောက်မှုသဘောတရားကို ဩစတြေးလျ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**


## ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့်ဂြိုဟ်တုနှင့် အာကာသယာဉ်များကြောင့် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်း အားနည်းသွားနိုင်

**ဝါရှင်တန် မတ် ၁၅**

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကြောင့် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်း အားနည်းသွားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၄ ရက် သတင်းများအရ သိရသည်။

လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကြောင့် ကမ္ဘာ့သံလိုက်စက်ကွင်း အားနည်းသွားနိုင်သည်ဟူသော သီအိုရီကို အမေရိကန်သိပ္ပံပညာရှင်များက တင်ပြထားပြီးဖြစ်သည်။

လေထုလွှာအတွင်း ပြန်ဝင်လာသည့် ဂြိုဟ်တုနှင့်အာကာသယာဉ်များကြောင့် ပေါ်ထွက်လာသည့် လေထုလွှာသတ္တုညစ်ညမ်းမှုပြဿနာသည် ကမ္ဘာမြေ၏ သံလိုက်စက်ကွင်းကို အားနည်းသွားစေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ သီအိုရီ၌ သုံးသပ်ထားသည်။



အထူးသဖြင့် Space-X အာကာသနည်းပညာကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်ကဲ့သို့သော ဂြိုဟ်တုကွန်ရက်များမှ ထွက်ပေါ်လာသော သတ္တုညစ်ညမ်းမှုပမာဏသည် ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်း အားနည်းသွားနိုင်လောက်အောင် လုံလောက်မှုရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်းအားနည်းခဲ့ပါက ကမ္ဘာပေါ်တွင် ကပ်ဘေးများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်၏ သံလိုက်စက်ကွင်း (Magnetosphere) သည် နေ၏ဖြာထွက်ရောင်ခြည်အန္တရာယ်မှ ကမ္ဘာမြေကိုကာကွယ်ပေးထားသည့် သံလိုက်စက်ကွင်းလွှာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Starship ဒုံးပျံကို မတ် ၁၄ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းပေါ်သို့ Space-X ကုမ္ပဏီ ပို့ဆောင်ပေးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးနှင့် စွမ်းဆောင်ရည်အမြင့်ဆုံးဖြစ်သော Starship ဒုံးပျံကို မတ် ၁၄ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-Xကုမ္ပဏီသည် တတိယအကြိမ် စမ်းသပ်ပစ်လွှတ်မှုတွင် Starship ဒုံးပျံကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

မတ် ၁၄ ရက် မစ်ရှင်တွင် Starship ဒုံးပျံသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သော်လည်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ချိန်တွင် လေထုဖိအားကြောင့် ပေါက်ကွဲပျက်စီးခဲ့ရကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို တက္ကဆက်ပြည်နယ် ဘိုကာချီကာ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Starship ဒုံးပျံသည် Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်နှင့် စူပါဟဲဗီးပင်မဒုံးပျံတို့ ပေါင်းစပ်ထားသော ဒုံးပျံဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို ၂၀၂၃ ခုနှစ်အတွင်း နှစ်ကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## သွေးစစ်နည်းဖြင့် အူမကြီးကင်ဆာ ရှိမရှိ ၈၃ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်

**နယူးယောက် မတ် ၁၅**

ရောဂါလက္ခဏာမပြဘဲဖြစ်ပွားနေသော အူမကြီးကင်ဆာကို သွေးစစ်နည်းတစ်မျိုးဖြင့် စစ်ဆေးပါက ရောဂါရှိမရှိ ၈၃ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ သွေးစစ်နည်းသည် ပြည်သူများကြား အူမကြီးကင်ဆာရှာဖွေစစ်ဆေးမှုနှုန်း ကျဆင်းမှုကို မြှင့်တင်ရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာ သွေးစစ်ရှာဖွေနည်းသည် လက်ရှိအသုံးပြုနေသည့် နည်းလမ်းများဖြစ်သော အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် စစ်ဆေးမှု၊ ကျင်ကြီးစစ်ဆေးမှုများနှင့်နှိုင်းယှဉ်ပါက လူအများပို၍ လက်ခံလွယ်သော စစ်ဆေးနည်းမျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၎င်းတို့၏အူမကြီးကင်ဆာ သွေးစစ်ရှာဖွေနည်းကို အသက် ၄၅ နှစ်နှင့် ၈၄ နှစ်ကြား လူပေါင်း ၈၀၀၀တို့ဖြင့်လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါသွေးစစ်နည်းသည် အူမကြီးကင်ဆာ ရှိ၊ မရှိကို ၈၃ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

၎င်းသွေးစစ်နည်း၏ ရောဂါ ရှိ၊ မရှိ တိကျစွာရှာဖွေနိုင်မှုနှုန်းသည် လက်ရှိအသုံးပြုနေသော စစ်ဆေးမှုပုံစံတစ်မျိုးဖြစ်သည့် ကျင်ကြီးစစ်ဆေးမှု၏ တိကျမှုနှုန်းလောက်ပင်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စိတ်ကျဝေဒနာရှင် အမျိုးသမီးများက အမျိုးသားများထက် နှလုံးသွေးကြောဆိုင်ရာ ရောဂါများပေါ်နိုင်ခြေ ပိုမြင့်မား

**တိုကျို မတ် ၁၅**

စိတ်ကျဝေဒနာခံစားနေရသည့် အမျိုးသမီးများသည် အလားတူစိတ်ကျန်းမာရေးပြဿနာရှိသော အမျိုးသားများထက် နှလုံးသွေးကြောဆိုင်ရာရောဂါများ ပေါ်နိုင်ခြေ ပိုမြင့်မားကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာနှင့် နှလုံးသွေးကြောဆိုင်ရာပြဿနာများကြား ဆက်စပ်မှုရှိ၊ မရှိ ဖော်ထုတ်ရေးအတွက်လူပေါင်း ၄ ဒသမ ၁ သန်းတို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

မိမိတို့၏ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ စိတ်ကျဝေဒနာ ခံစားနေရသူအမျိုးသမီးများသည် ဝေဒနာတူအမျိုးသားများထက် နှလုံးသွေးကြောဆိုင်ရာရောဂါများပေါ်လာနိုင်ခြေ ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သိရသည်။

ဂျပန် သုတေသနပညာရှင်များ၏အဆိုအရ စိတ်ကျဝေဒနာရှင် အမျိုးသားများ၌ နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၃၉ ရာခိုင်နှုန်းပိုမြင့်မားလာချိန်တွင် အမျိုးသမီးများ၌မူ ၆၄ ရာခိုင်နှုန်းထိ ပိုမြင့်မားသည်။

နှလုံးကြွက်သားများ သွေးသို့မဟုတ် အောက်ဆီဂျင်အလုံအလောက် မရတော့ချိန်များတွင် ဖြစ်ပွားတတ်သော နှလုံးသွေးကြောဆိုင်ရာပြဿနာများထဲတွင် လေဖြတ်ခြင်း၊ နှလုံးရပ်တရက်ဖောက်ခြင်း၊ ရင်အောင့်ခြင်းတို့ပါဝင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**






# ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားအဆင့်မှ ဗိုလ်လုပွဲအဆင့်ထိမဲခွဲမှုအပြီး လက်ရှိချန်ပီယံမန်စီးတီးနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ တွေ့ဆုံ




**ဇူးရစ် မတ် ၁၅**

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ဗိုလ်လုပွဲထိ မဲခွဲမှုအပြီးတွင် လက်ရှိချန်ပီယံမန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

လက်ရှိချန်ပီယံမန်စီးတီးအသင်းသည်လည်း ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် ရေပန်းစားနေသည့်အသင်းဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းသည်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့်အသင်းဖြစ်သကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့တွေ့ဆုံခဲ့ကြပြီး မန်စီးတီးအသင်းကနှစ်ကျော့ပေါင်း ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် အခြားပွဲစဉ်များအဖြစ် အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း၊အက်သလက်တီကိုအသင်းနှင့် ဒေါ့မွန်အသင်း၊ ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတွေ့ဆုံခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်တွင် အက်သလက်တီကိုအသင်းနှင့် ဒေါ့မွန်အသင်းတို့မှ အနိုင်ရရှိသည့်အသင်းနှင့် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့မှ အနိုင်ရရှိမည့်အသင်း၊ အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့မှ အနိုင်ရရှိမည့်အသင်းနှင့် မန်စီးတီးအသင်းနှင့်ရီးရဲလ်မက်ဒရစ်အသင်းတို့မှ အနိုင်ရရှိမည့်အသင်းတို့ထပ်မံ တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၉ ရက်နှင့် ၁၀ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်၊ ဆီမီးဖိုင်နယ် အဆင့်ပထမအကျော့ပွဲစဉ်များကို ဧပြီ ၃၀ရက်နှင့် မေ ၁ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်နှင့် ၈ ရက်၊ ဗိုလ်လုပွဲစဉ်ကို အင်္ဂလန်နိုင်ငံ ဝင်ဘာလေ အားကစားကွင်းတွင် ဇွန် ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : STA

# လာဇီယိုအသင်းက မာဆေးအသင်း နည်းပြဟောင်းတူဒေါကို နည်းပြအဖြစ်ခန့်အပ်

**ရောမ မတ် ၁၅**

လာဇီယိုအသင်းသည် အသင်းမှထွက်ခွာသွားသည့် နည်းပြဆာရီ၏နေရာတွင် အစားထိုးရန်အတွက် နည်းပြသစ်ရှာဖွေလျက်ရှိရာ ယနေ့တွင် မာဆေးအသင်းနည်းပြဟောင်းတူဒေါကို ၁၈ လ သဘောတူစာချုပ်ဖြင့် နည်းပြသစ် ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့သည်။

နည်းပြတူဒေါနှင့်လာဇီယိုအသင်းတို့ကြားသဘောတူစာချုပ်တွင် ၁၈လ သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိသည်။

လာဇီယိုအသင်း တာဝန်ရှိသူများက နည်းပြဆာရီနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင်လက်ထောက်နည်းပြ ဂျီအိုဗန်နီကို မတ် ၁၇ ရက်တွင်ကစားမည့် ဖရိုစီဝမ်းအသင်းနှင့် ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်ရန် ခန့်အပ်ထားသောကြောင့် နည်းပြတူဒေါအနေဖြင့် လာမည့်ရက်သတ္တပတ်မှသာ အသင်းနှင့်အတူ ပူးပေါင်းသွားမည်ဖြစ်သည်။

နည်းပြတူဒေါသည် နည်းပြသက်တမ်းတစ်လျှောက် ခရိုအေးရှားကလပ် ဟာဂျေဒက်အသင်း၊ ဂါလာတာစာရေးအသင်း၊ အူဒီးနီးစ်အသင်း၊ ဗီရိုနာအသင်းတို့ကို တာဝန်ယူ ကိုင်တွယ်ခဲ့သကဲ့သို့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းတွင် နည်းပြပီယာလို၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သောကြောင့် စီးရီးအေပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရှိသည့်အတွက် လာဇီယိုအသင်းက နည်းပြအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik

Trs : ML



# BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ မျက်ဒဗျက်တက်ရောက်

**နယူးယောက် မတ် ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝယ်မြို့တွင်ကျင်းပနေသည့် BNP Paribas Openတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှုနီတို့ ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၇-၅ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အကြိတ်အနယ်ရှိခဲ့သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာ တစ်နာရီ ၅၉ မိနစ်ထိ ကြာမြင့်ခဲ့သလို ပြိုင်ပွဲဝင်နှစ်ဦးကြားအငြင်းပွားဖွယ်ရာဖြစ်ပေါ်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး အချေအတင်ဖြစ်ခဲ့ရသည်။ ကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက်သည် ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်နေသည့် ဟိုလ်ဂါရှုနီအားပထမပွဲငယ်တွင် tie-break ထိကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ဖိအားပေးနိုင်ခဲ့သလို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

မျက်ဒဗျက်က “ဒီနေ့မှာ လေတိုက်နှုန်းကလဲ မြင့်မားတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာကစားရတာ တော်တော်လေးခက်ခဲခဲ့တယ်။ တစ်ဖက်ကလဲ အကောင်းဆုံးကစားနိုင်ခဲ့သလို လေတိုက်နှုန်းမြင့်မားတဲ့အတွက်လဲ ကစားရတာ တော်တော်လေးခက်ခဲခဲ့တာ ဖြစ်ပါတယ်။ ခက်ခဲတဲ့အခြေအနေမှာ အနိုင်ရအောင် ကစားနိုင်ခဲ့သလို ဒုတိယပွဲငယ်မှာလဲ ပြတ်သားတဲ့ရလဒ်တစ်ခုနဲ့ အနိုင်ရခဲ့တယ်။ ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်” ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

Ref : RT

Trs : AZL

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

M L

ဝက်စ်ဟမ်း Vs အေဗီလာ

**ကစားမည့်ရက်/အချိန် ၁၇-၃-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဗီလာ ၄ – ၁ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝက်စ်ဟမ်း** | – | **ဧး(ရှုံး)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |
| **အေဗီလာ** | – | **ဧး(သရေ)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

ဝက်စ်ဟမ်းအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ကြိုးစားနေရသလို ခံစစ်ပိုင်းကလဲ အမှတ်ပေးပွဲကိုးပွဲဆက် ပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ အေဗီလာကတော့ ပြီးခဲ့တဲ့အမှတ်ပေးပွဲမှာ ဂိုးပြတ်ရှုံးခဲ့ပေမဲ့ နောက်ဆုံးအဝေးကွင်းခုနစ်ပွဲဆက်မှာ ရှုံးပွဲမရှိခဲ့ပါဘူး။ဒါကြောင့် အေဗီလာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၁ – ၂ အေဗီလာ**

## အားကစားသတင်း အတိုအထွာများ

- ယူရိုပါကွန်ဖရင့်လိဂ် ပထမအကျော့တွင် အိုလံပီယာကိုစ်အသင်းက မက္ကာဗီတဲလ်အဗစ်အသင်းကို လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဥရောပပြိုင်ပွဲတွင် အကောင်းဆုံးပြန်လာနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- အေဂျက်အသင်း ကစားသမား ဟန်ဒါဆန်က ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့ခဲ့ခြင်းမှာ မှားယွင်းသည့် လုပ်ရပ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ဘောလုံးရာသီ ခုနစ်ရာသီဆက်တိုက် သွင်းဂိုး ၂၀ အနည်းဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူးဆာလာဟ် မှတ်တမ်းဝင်

**လန်ဒန် မတ် ၁၅**

လီဗာပူးအသင်း တိုက်စစ်မှူးဆာလာဟ်သည် လီဗာပူးအသင်းနှင့်စပါတာပရက်အသင်းတို့ ကစားခဲ့သည့် ယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်တွင် အသင်းအတွက်သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၀ထိသွင်းယူနိုင်ခဲ့သဖြင့် ဘောလုံးရာသီခုနစ်ရာသီဆက်တိုက်အနည်းဆုံး သွင်းဂိုး ၂၀ သွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးဆာလာဟ်သည် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပွဲချိန်ခုနစ်မိနစ်တွင် ဒါဝင်နူနက်၊ ပွဲချိန်ရှစ်မိနစ်တွင် ဘော်ဘီကလက်၊ ပွဲချိန် ၁၀ မိနစ်တွင် ဆာလာဟ်၊ ပွဲချိန် ၁၄ မိနစ်နှင့် ၅၅မိနစ်တွင် ဂတ်ပို၊ ပွဲချိန် ၄၈မိနစ်တွင် ဆိုဘော့ဇလိုင်တို့က လီဗာပူးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ကာ စပါတာပရက်အသင်းက ပွဲချိန် ၄၂ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာရရှိခဲ့သောကြောင့် ခြောက်ဂိုးတစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးတိုက်စစ်မှူးဆာလာဟ်အနေဖြင့် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆာလာဟ်သည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၄၄ ဂိုး၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၇ဂိုး၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံသွင်းဂိုး ၂၃ဂိုး ၊ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံသွင်းဂိုး ၃၁ ဂိုး၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၃၁ ဂိုး၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၃၀ နှင့် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ ထိရှိခဲ့သောကြောင့် ဘောလုံးရာသီ ခုနစ်ရာသီဆက်တိုက် အနည်းဆုံး သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် တိုက်စစ်မှူးဆာလာဟ်သည် လီဗာပူးအသင်းတိုက်စစ်မှူးဟောင်း အီးရန်ရှိုက်၏ ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်ထိ ဘောလုံးရာသီ ခြောက်ရာသီဆက်တိုက် အနည်းဆုံး သွင်းဂိုး ၂၀ သွင်းယူခဲ့သည့် စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# MFF AYA Pay Futsal League ဖိုင်နယ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ




**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League ပြိုင်ပွဲဖိုင်နယ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပရာဖိုင်နယ်ပွဲအဖြစ် VUC FCအသင်းနှင့် MIU FCအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ဖိုင်နယ်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ MFF AYA Pay Futsal League ပြိုင်ပွဲများကို ကိုင်တွယ်ခဲ့သော ဒိုင်လူကြီးများအား ဒိုင်ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်က အမှတ်တရ ဆုတံဆိပ်များပေးခဲ့ပြီး ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရရှိသော Futsal Chit Thu FCအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွန်းက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆုရရှိခဲ့သော MIU FC အသင်းမှ ညီညီသန့်၊အကောင်းဆုံးကစားသမားဆုရရှိသော VUC FC အသင်းမှ မျိုးမြင့်စိုးနှင့် စတုတ္ထဆုရရှိသော Winner Soccer FC အသင်းတို့ကို တာဝန်ရှိသူများက အမှတ်တရဆုနှင့်ဆုကြေးငွေများ အသီးသီး ပေးအပ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲ၏ တတိယဆုရရှိသော Generation FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ဆုကြေးငွေကျပ် သိန်း ၃၀ ကို ရန်ကုန်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးကလည်းကောင်း၊ ဒုတိယဆုရရှိသော MIU FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်က တစ်ဦးချင်း ဆုတံဆိပ်များကိုချီးမြှင့်ခဲ့ပြီး ဆုကြေးငွေကျပ် သိန်း ၅၀ ကို AYA Pay မှ Deputy CEO ဦးမြတ်မင်းထင်ကျော်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် VUC FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**STA**

# ၂၀၂၃ ခုနှစ် မြန်မာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဇင်ကိုကိုနှင့် စိန်ဖော့တို့ရရှိ

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာအားကစားမီဒီယာအဖွဲ့ချုပ်တို့က စိစစ်ရွေးချယ်ချီးမြှင့်သည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာတစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုကို ဇင်ကိုကိုနှင့် အကောင်းဆုံး အမျိုးသမီးကစားသမားဆုကို စိန်ဖော့တို့က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမား ဇင်ကိုကိုသည် ၂၀၂၃ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အားကစားပြိုင်ပွဲတွင် မြန်မာ ပိုက်ကျော်ခြင်း အသင်းနှင့်အတူ ရွှေတံဆိပ်တစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ကွင်းသွင်းခြင်း အားကစားပြိုင်ပွဲတွင် မြန်မာ ကွင်းသွင်းခြင်း အားကစားအသင်းနှင့်အတူရွှေတံဆိပ်တစ်ခုပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲနှစ်ခုတွင် မြန်မာပိုက်ကျော်ခြင်းအသင်းနှင့်အတူ ငွေတံဆိပ်တစ်ခုနှင့်ကြေးတံဆိပ်တစ်ခုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သဖြင့် ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်း ဆုံး အမျိုးသား အားကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိခဲ့သည့် စိန်ဖော့သည် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် နှစ်ခုဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**STA**

# အိုင်ယာလန်၊ အင်္ဂလန်အသင်းတို့နှင့်ကစားရမည့်ခြေစမ်းပွဲကို ဒီဘရိုင်းလွဲချော်မည်

**ဘရပ်ဆဲလ် မတ် ၁၅**

ကွင်းလယ် ကစားသမား ဒီဘရိုင်းသည် လီဗာပူးအသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင်ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် ဘယ်လ်ဂျီယံအသင်းတွင် ပါဝင်နိုင်မည်မဟုတ်ဘဲ အိုင်ယာလန်အသင်း၊ အင်္ဂလန်အသင်းတို့နှင့် ကစားရမည့် ခြေစမ်းပွဲစဉ်များကို လွဲချော်မည်ဟု ဘယ်လ်ဂျီယံ အသင်းနည်းပြ တီဒက်စ်ကိုက ပြောကြားခဲ့သည်။

ဒီဘရိုင်းသည် ယခုနှစ်ဘောလုံးရာသီအစပိုင်းကလည်း ပေါင်ကြွက်သားဒဏ်ရာကြောင့် ငါးလကျော်အနားယူခဲ့ရပြီးနောက် ယခုအခါ လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာထပ်မံရရှိခဲ့ကာ ယခင်ဒဏ်ရာဟောင်းနှင့်ဆက်စပ်မှု ရှိ၊ မရှိကိုမသိရသေးသော်လည်း နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ဘယ်လ်ဂျီယံအသင်းနှင့် ကစားရမည့်ပွဲစဉ်များကို လွဲချော်မည်ဟု ဘယ်လ်ဂျီယံ အသင်းနည်းပြက အတည်ပြုပြောကြားခဲ့သည်။

နည်းပြတီဒက်စ်ကိုက "မနေ့က ဒီဘရိုင်းရဲ့ဆရာဝန်နဲ့ ကျွန်တော် စကားပြောဖြစ်ခဲ့ပါတယ်။ဒီဘရိုင်းရဲ့ဒဏ်ရာဟာ ပြင်းထန်မှုမရှိပေမဲ့ ကျွန်တော့်အနေနဲ့ စွန့်စားမှုမလုပ်ချင်တာကြောင့် အသင်းလူစာရင်းက ချန်လှပ်ခဲ့တာပါ။ သူ့အနေနဲ့ အချိန်အနည်းငယ်လောက်အနားယူလိုက်ရင် ပြန်ကောင်းမှာဖြစ်ပြီး လာမဲ့ယူရို ပြိုင်ပွဲအတွက် အသင့်ဖြစ်နေမှာပါ။ ဒါကြောင့် လက်ရှိအချိန်မှာ ဒီဘရိုင်းကို စွန့်စားမှုလုပ်ပြီး အသုံးပြုမှာမဟုတ်သလို ဒီပွဲစဉ်တွေဟာ ဒီဘရိုင်းအတွက် အဓိကမကျပါဘူး"ဟု ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံ အသင်းသည် 



နည်းပြတီဒက်စ်ကိုအား လာမည့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်ထိ နှစ်နှစ်သက်တမ်းတိုးနိုင်ခဲ့သည်ဟု ပြီးခဲ့သည့် ကြာသပတေးက တရားဝင် ကြေညာခဲ့ကြောင်း သိရသည်။

လာမည့် နိုင်ငံတကာပြိုင်ပွဲကာလတွင် ဘယ်လ်ဂျီယံအသင်းသည်မတ် ၂၃ရက်တွင် အိုင်ယာလန်အသင်းနှင့် ပွဲစဉ်အပြီး သုံးရက်အကြာတွင် အင်္ဂလန်အသင်းနှင့် ဝင်ဘာလေကွင်းတွင် ခြေစမ်းပွဲများကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# The Players Championship ပြိုင်ပွဲအမှတ်ပေးဇယားကို မက်အီလ်ရွိုင်း၊ ကလက်ခ်နှင့် ရှောင်ဖီလီတို့ ပူးတွဲဦးဆောင်

**ဖလော်ရီဒါ မတ် ၁၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပမ်းချိုင့်ဗမ်းတွင် ကျင်းပနေသည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကလက်ခ်နှင့် ရှောင်ဖီလီတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ကနေဒါဂေါက်သီးရိုက်ကစားသမားတေလာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ အပါအဝင် ပြိုင်ပွဲဝင် ခုနစ်ဦးထိ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း သိရသည်။

မက်အီလ်ရွိုင်းက "ကျွန်တော့်ကိုယ်ကျွန်တော် အများကျူးလွန်မိတယ်လို့ခံစားမိရင် ပြိုင်ပွဲလက်ကျန်နေ့တွေမှာ ကိုယ့်အသိစိတ်နဲ့ကိုယ် ဆင်ခြင်ကစားသွားမှာပါ။ ကျွန်တော်ဟာ ကံကိုယုံကြည်သူ တစ်ယောက်ဖြစ်တယ်။ အမှားတစ်ခုခု လုပ်မိပြီဆိုရင်လဲ စိတ်ကအလိုလိုခံစားမိတယ်။ အခုကိစ္စက ကျွန်တော်စည်းမျဉ်းချိုးဖောက်ပြီး အမှားကျူးလွန်တယ်လို့ ကစားသမားတချို့က စွပ်စွဲနေတယ်။ကျွန်တော်ကတော့ဘာအမှားမှ လုပ်မထားဘူးဆိုတာကိုယ့်ကိုယ်ကိုယ်သိနေတယ်။ ကျွန်တော်ဟာ ဘာလုပ်လုပ် ဥပဒေစည်းမျဉ်းကို လိုက်နာဖို့ပဲ ဦးစားပေးတယ်။ ကျွန်တော့်ကိုဝေဖန်နေတဲ့ ပြိုင်ပွဲဝင်တချို့ဟာ ကျွန်တော်ဥပဒေစည်းမျဉ်းအတိုင်း လုပ်နေတယ်ဆိုတာကို လူတွေပိုသိလာအောင် တွန်းပို့ပေးလိုက်တဲ့သဘောပဲလို့ ကျွန်တော် သတ်မှတ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

**S T A**

**ဒေါ့မွန် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၁၇-၃-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၃ – ၃ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဖရန့်ဖတ် | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲရရှိထားပြီး ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတဲ့ ဒေါ့မွန်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေပါသေးတယ်။ ဖရန့်ဖတ်အသင်းကတော့ အဝေးကွင်းဆိုရင်ခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒေါ့မွန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဒေါ့မွန် ၂ – ၀ ဖရန့်ဖတ်**

# စပိန်လာလီဂါ ပွဲစဉ်(၂၉) ပွဲကြိုသုံးသပ်ချက်

**S T A**

**အေတီကို Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၁၈-၃-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၁ – ၀ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဘာစီလိုနာ | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

အေတီကိုအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပါ ဖိအားတွေရှိလာလို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဘာစီလိုနာအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမွန်ပေမဲ့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့် အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၂ – ၁ ဘာစီလိုနာ**

# အလုံးစုံပြုပြင်ပြောင်းလဲရန်လိုအပ်လာသော ပါကစ္စတန်

မောင်စိန်အိ(နဘဲမြေ)

ပါကစ္စတန်နိုင်ငံသည် လူဦးရေ ၂၃၄ ဒသမ ၄ သန်းကျော်ရှိသည့် ကြီးမားကျယ်ပြန့်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံ ကိုးနိုင်ငံအနက် တစ်နိုင်ငံလည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် တောင်အာရှတွင်တည်ရှိပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည့်အပြင် အမေရိကန်၊ တရုတ်တို့နှင့်ဆက်ဆံရေး ကောင်းမွန်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံသည် ရှည်လျားသောပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားရှိပြီး အရည်အချင်းပြည့်ဝသောနိုင်ငံသားများသည် ပြည်ပနိုင်ငံများတွင် ဝင်ငွေရှာဖွေလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် သဘာဝအရင်းအမြစ်များနှင့် ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးအခြေအနေများရှိနေသော်လည်း ဆင်းရဲတွင်းနက်နေပြီး ဝင်ငွေမှာလည်း ကျဆင်းလျက်ရှိသည်။ လက်ရှိအချိန်တွင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့သည် ပါကစ္စတန်နိုင်ငံကို ကျော်တက်သွားပြီဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ဆင်းရဲတွင်းနက်လာသည့်အပြင် ပြည်ပကြွေးမြီများလည်း ထူပြောလာလျက်ရှိသည်။ လွန်ခဲ့သောနှစ်များအတွင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ ချေးငွေများရယူခဲ့ရသည်။ အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိခြင်းမရှိသည့်အတွက် ကြွေးမြီများပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ လည်ပတ်နိုင်ရေး IMF ထံမှ ချေးငွေများထပ်မံရယူခဲ့ရသည်။

မကြာသေးမီနှစ်များအတွင်း ပါကစ္စတန်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့်တရုတ်တို့ထံမှ ချေးငွေအမြောက်အမြားရယူခဲ့ရသည်။ တရုတ်နိုင်ငံမှရယူထားသည့် ချေးငွေများစွာသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) နှင့်ဆက်နွယ်လျက်ရှိသည်။ BRI သည် ပါကစ္စတန်နိုင်ငံတွင် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံအသစ်များ တည်ဆောက်သွားရန်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်ငွေကြေးရူပီးသည် အလွန်အမင်း တန်ဖိုးကျဆင်းလာလျက်ရှိသဖြင့် IMF အပါအဝင် နိုင်ငံတကာမှရယူထားသော ကြွေးမြီများပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရွေးကောက်တင်မြှောက်ခံရသော ပါကစ္စတန်အစိုးရသစ်သည် နောက်ထပ်ချေးငွေရရှိရေးအတွက် IMF နှင့်ထပ်မံဆွေးနွေးလျက်ရှိသည်။ ၎င်းချေးငွေသည် တရုတ်၏ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသေးသော်လည်း အတိုင်းအတာတစ်ခုထိ အသက်ရှူပေါက်ရရှိမည်ဖြစ်သည်။ ပါကစ္စတန်အစိုးရသည် တိုင်းပြည်၏ရေရှည်ပြဿနာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ပါကစ္စတန်၏ နိုင်ငံရေးဆိုင်ရာ အခွင့်ထူးခံလူတန်းစားများသည် တိုင်းပြည်အကျပ်အတည်းများကို ဖြေရှင်းသွားရန် စိတ်ပါဝင်စားမှုနည်းပါးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးနယ်ပယ်ရှိ အခွင့်ထူးခံလူတန်းစားများနေရာတွင် ခိုင်မာပြတ်သားသော လုပ်ဆောင်ချက်များ လုပ်ဆောင်မည့်သူများဖြင့် အစားထိုးမည့်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လိုအပ်သည်။


ပါကစ္စတန်နိုင်ငံသည် ပုဂ္ဂလိကကဏ္ဍအပေါ် မှီခိုအားထားရလျက်ရှိသည်။ နိုင်ငံရေးတည်ငြိမ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများ တည်ငြိမ်လာမည်ဆိုလျှင် ပါကစ္စတန်စီးပွားရေးလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု ပိုမိုလုပ်ဆောင်လာမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)များလည်း စီးဝင်လာမည်ဖြစ်သည်။ ပြည်ပကုမ္ပဏီများအနေဖြင့် ပါကစ္စတန်တွင် ကုန်ထုတ်လုပ်မှုအတွက် စက်ရုံများတည်ဆောက်လာမည်ဖြစ်သည်။ ပို့ကုန်အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းပြည်၏ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုမြင့်တက်လာခြင်းနှင့်တိုင်းပြည်၏ဘဏ္ဍာရေးစနစ်အတွင်း ငွေကြေးများစီးဝင်လာမည်ဖြစ်သည်။

ပါကစ္စတန်သည် လုပ်ခလစာ သက်သာသော်လည်း ထိုအချက်သည် FDI ဆွဲဆောင်နိုင်ရေးအတွက် လုံလောက်မှုမရှိသေးပေ။ ပြည်ပကုမ္ပဏီများသည် သက်သာသောလုပ်ခလစာအပြင် ရေ၊ လျှပ်စစ်နှင့် ပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံများ လိုအပ်သည်။ ၎င်းတို့သည် စီးပွားရေးလုပ်ငန်းများထူထောင်ရေးအတွက် အစိုးရ၏ပံ့ပိုးကူညီမှုများ၊ စည်းမျဉ်းစည်းကမ်းနှင့် အခွန်အခဖြေလျှော့မှုများနှင့်ဘဏ္ဍာရေးဆိုင်ရာ သက်သာမှုများ လိုအပ်သည်။ အထူးသဖြင့် လုံခြုံမှုလိုအပ်သည်။ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးမှုမဖြစ်စေသည့် အာမခံချက်များ ပိုမိုလိုလားလျက်ရှိသည်။ ဆိုရလျှင် စီမံခန့်ခွဲမှုညံ့ဖျင်းသောအစိုးရ၊ အစွန်းရောက်အကြမ်းဖက်သမားများနှင့်ရာဇဝတ်မှုကျူးလွန်သူများသည် စီးပွားရေးလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးနိုင်ပေသည်။

ပါကစ္စတန်အစိုးရသည် FDI များ ဆွဲဆောင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်ပစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေမည့် အပြုအမူများကို သတိထားရှောင်ရှားလျက်ရှိသည်။ သို့သော် ပါကစ္စတန်တွင် သူပုန်များနှင့်အစွန်းရောက်အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည်။ Baloch ခွဲထွက်သောင်းကျန်းသူများသည် တရုတ်အလုပ်သမားများနှင့်စီမံကိန်းများကိုတိုက်ခိုက်လျက်ရှိသည်။ တာလီဘန်အပါအဝင် အစ္စလာမ္မစ်အကြမ်းဖက်သမားများသည် ပါကစ္စတန်မြို့ကြီးများကို တိုက်ခိုက်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် နိုင်ငံခြားစက်ရုံများကို ပစ်မှတ်ထားတိုက်ခိုက်လာဖွယ်ရာရှိနေသည်။

ရာဇဝတ်မှုခင်းများသည်လည်း ပြဿနာပင်ဖြစ်သည်။ တိုင်းပြည်၏ အကြီးမားဆုံးဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိသည် ရာဇဝတ်မှုခင်းများထူပြောလျက်ရှိပြီး ကမ္ဘာ့အန္တရာယ်အကြီးမားဆုံးမြို့ကြီးများအနက်မှ တစ်မြို့ပင်ဖြစ်သည်။ ရာဇဝတ်မှုခင်းများ နှိမ်နင်းရန်ကြိုးပမ်းခဲ့သော်လည်း အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် ပါကစ္စတန်အတွက် အကောင်းဆုံးချဉ်းကပ်မှုသည် အထူးစီးပွားရေးဇုန်(SEZ)များ ဖန်တီးခြင်းပင်ဖြစ်သည်။ SEZ များသည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ထားရှိပြီး အရည်အသွေးပြည့်ဝသော အလုပ်သမားများ အလွယ်တကူ ရှာဖွေနိုင်သောနေရာများဖြစ်သည်။ ထို့ပြင် အစိုးရအနေဖြင့်လည်း တည်ငြိမ်အေးချမ်းမှုနှင့်ကောင်းမွန်သောအခြေခံအဆောက်အအုံများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ပါကစ္စတန်အစိုးရသည် သတ်မှတ်ထားသော စက်မှုဇုန်အတွင်း၌ အကြမ်းဖက်သမားများနှင့် ရာဇဝတ်ဂိုဏ်းများအန္တရာယ်မှ ကာကွယ်ရေးအတွက် တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့ကို အသုံးချနိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါဇုန်အတွင်း လျှပ်စစ်မီး၊ သောက်သုံးရေ၊ လမ်းများ၊ ဆိပ်ကမ်းအခြေခံအဆောက်အအုံများ အလုံအလောက် ပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။




ပါကစ္စတန်နိုင်ငံအနေဖြင့် SEZ တချို့တည်ထောင်ထားပြီးဖြစ်ပြီး အများစုသည် တရုတ်နိုင်ငံနှင့် ပါကစ္စတန်၏ စီးပွားရေးမိတ်ဖက်ဆက်ဆံရေး တစ်စိတ်တစ်ပိုင်းအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ ဖြစ်နိုင်မည်ဆိုလျှင် အဆိုပါစီမံကိန်းများကို အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်သွားသင့်ပေသည်။ ထိုထက်ပိုမိုအရေးကြီးသည့်အချက်မှာ ရှိရင်းစွဲ SEZ များနှင့်အချို့သော SEZ အသစ်များကို ပိုမိုဖွင့်လှစ်သွားသင့်ပေသည်။

ပါကစ္စတန်နိုင်ငံသည် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးလျက်ရှိသောနိုင်ငံဖြစ်သကဲ့သို့ နျူကလီးယားလက်နက်လည်း ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ လက်ရှိအချိန်တွင် ချေးငွေကိုအားကိုးသည်ထက် FDI ဝင်ရောက်ရေးအတွက် ပိုမိုအားပေးသွားသင့်ပေသည်။ ပါကစ္စတန်အနေဖြင့် FDI ကို ပိုမိုအသုံးချနိုင်ရေးအတွက် အခြားသောအလားအလာကောင်းများစွာလည်းရှိနေသည်။

အမှန်တော့ အရေး၊ အဖတ်၊ အတွက်အချက် စွမ်းရည်ရှိသည့် လုပ်သားထုများရှိသော နိုင်ငံများသည်သာလျှင် FDI ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးသည် တိုင်းပြည်တိုးတက်ရေးအတွက် အခြေခံအကျဆုံးသောအရာပင်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် ပညာတတ်မြောက်မှုနှုန်း လွန်စွာနိမ့်ကျလျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထက်ပင်လျှင် စာတတ်မြောက်မှုနှုန်းနိမ့်ကျလျက်ရှိသည်။ အရိုးရှင်းဆုံးအဖြေသည် ပြည်သူများစာတတ်မြောက်ရေးအတွက် ကြိုးပမ်းသွားရန်ပင်ဖြစ်သည်။ အစိုးရသည် ငွေကြေးအတွက် ရုန်းကန်နေရပြီး ပြည်ပကြွေးမြီလျှော့ချပြီး အကောက်ခွန်ပိုမိုတိုးမြှင့်ကောက်ခံနိုင်မည်ဆိုလျှင် ကျောင်းပညာရေးအတွက် ငွေကြေးပိုမိုရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

ပါကစ္စတန်အတွက် နောက်ဆုံးလိုအပ်ချက်သည် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ပါကစ္စတန်စစ်ဘက်နှင့် လူ့အဖွဲ့အစည်းသည် အိန္ဒိယနိုင်ငံကို ခုခံခြင်းသည် တိုင်းပြည်၏ အမျိုးသားရေးရည်မှန်းချက်အဖြစ်ရှုမြင်ထားရှိသည်။ ပါကစ္စတန်သည် ၁၉၄၇၊ ၁၉၆၅၊ ၁၉၇၁ နှင့် ၁၉၉၉ ခုနှစ်တို့တွင် အိန္ဒိယနှင့်စစ်ပွဲ လေးကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ပွဲတိုင်းတွင်ရှုံးနိမ့်ခဲ့သည်။ အိန္ဒိယသည် ပါကစ္စတန်ယှဉ်ပြိုင်နိုင်သည်ထက် အင်အားအလွန်အမင်း သာလွန်လျက်ရှိသည်။

ပါကစ္စတန်အနေဖြင့် အိန္ဒိယကိုယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းနေသည်မှာ နှစ်ပေါင်း ၇၀ ကျော်နေပြီဖြစ်သည့်အတွက် အကျိုးမရှိသောလုပ်ရပ်များကိုရပ်တန့်ရန် အချိန်တန်နေပြီဖြစ်သည်။ ပါကစ္စတန်အနေဖြင့် ကက်ရှ်မီးယား၏ တစ်စိတ်တစ်ဒေသကို ထိန်းချုပ်ထားနိုင်သည်ကို အသိအမှတ်ပြုသင့်ပြီး အခြားအစိတ်အပိုင်းကို အိန္ဒိယက ထိန်းချုပ်ထားလျက်ရှိသည်။

ပါကစ္စတန်နှင့်အိန္ဒိယတို့ကြား ပြန်လည်ရင်ကြားစေ့ရေးကြိုးပမ်းနေသည်မှာ ကာလအတန်ကြာနေပြီဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပေ။ ဂျာမနီနှင့်ပြင်သစ်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့သည် ပြန်လည်သင့်မြတ်လာသည့် သာဓကရှိနေသဖြင့် ပါကစ္စတန်နှင့် အိန္ဒိယတို့အနေဖြင့်လည်း အလားတူ ပြန်လည်သင့်မြတ်လာနိုင်ပေသည်။

စင်စစ်အားဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားသင့်ပေသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ပါကစ္စတန်၏ လုံခြုံရေးကို မြှင့်တင်စေနိုင်မည်ဖြစ်သည်။ အကြောင်းမူကား စစ်ဘက်အနေဖြင့် အထူးစီးပွားရေးဇုန်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံတွင် လုံခြုံရေးဆိုင်ရာ အထောက်အပံ့များ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စစ်အသုံးစရိတ်များလျှော့ချနိုင်သဖြင့် ပါကစ္စတန်၏ဘဏ္ဍာရေးဆိုင်ရာရပ်တည်ချက်ကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနှင့်ကုန်သွယ်မှုလုပ်ဆောင်ခြင်းသည် ပါကစ္စတန်၏စီးပွားရေးကိုတိုက်ရိုက်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် တောင်အာရှ၏ အခိုက်အတန့်သည် တောက်ပြောင်လာလျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် နောက်မကျသေးမီ ထိုအခွင့်အလမ်းကို အမိအရဆုပ်ကိုင်သင့်ပေသည်။ ပါကစ္စတန်အနေဖြင့် တံခါးပိတ်ထားပြီး ထိုအခွင့်အလမ်းကို လက်လွှတ်လိုက်မည်ဆိုလျှင် ဆင်းရဲတွင်းနက်နေဦးမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အလယ်အလတ်အဆင့်ဝင်ငွေရှိသော နိုင်ငံများအဖြစ်ရပ်တည်လာလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံ၏အောင်မြင်မှုသည် ခိုင်မာသော ဆုံးဖြတ်ချက်၊ လက်တွေ့ကျမှု၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ရည်မှန်းချက်ကြီးမားမှုအပြင် နိုင်ငံရေးဆိုင်ရာ အခွင့်ထူးခံလူတန်းစားများ၏ ပြောင်မြောက်သောစီမံခန့်ခွဲမှုများ လိုအပ်နေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အလှည့်အပြောင်းများဆောင်ရွက်ခြင်းသည် စဉ်းစားချင့်ချိန်ဆောင်ရွက်ရန် အခက်အခဲများစွာ ဖြစ်ပေါ်နေမည်မှာ အသေအချာပင်ဖြစ်သည်။

**ကိုးကား**

- **Pakistan needs a plan By Asia Times.**

# မာန် ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်



**ရန်ကုန် မတ် ၁၅**

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မာန် ရုပ်ရှင်ဇာတ်ကားကို မတ် ၁၆ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)က ပြောပြ၍ သိရသည်။

မာန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညီရဲမင်းက ရေးသားထားပြီး ဇာတ်ညွှန်းကို သန်းထိုက်(ရွှေရိပ်)က ရေးသားထားကာ ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)ကပင် အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ကျွန်တော့်ရဲ့ ပွဲဦးထွက် ရုပ်ရှင်ကားပါ။ စေတစ်လုံး မောင်ဘုန်း ဇာတ်လမ်းတွဲ ရိုက်ကူးခဲ့ဖူးပါတယ်။ အဲဒီဇာတ်လမ်းတွဲကိုလဲ သဘာဝကျကျနဲ့ ပီပီပြင်ပြင် ရိုက်ခဲ့ပါတယ်။ အခုမာန်ဇာတ်ကားက အိမ်ထောင်ရေးဇာတ်လမ်းဖြစ်ပြီး မိသားစုတွေ စုဝေးကြည့်ရှုလို့ရနိုင်မဲ့ သရုပ်ပျက်တာတွေ မပါအောင် ရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)က ပြောပြသည်။

မာန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ အကယ်ဒမီ မေမြင့်မိုရ်၊ သီဟအောင်၊ မင်းပိုင်၊ ထင်သစ္စာ၊ မြတ်ကေသီအောင်၊ လင်းဇာနည်ဇော်၊ မျိုးမျိုးခိုင်၊ အေးခက်ခက်ပိုင်၊ ပပသင်း၊ မျိုးမျိုးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# သရုပ်ဆောင် ခိုင်နှင်းဝေ၏ အသက် ၄၃ နှစ်ပြည့်မွေးနေ့အလှူကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ခိုင်နှင်းဝေရင်သွေးလေးများဂေဟာတွင် ပြုလုပ်

**ရန်ကုန် မတ် ၁၅**

သရုပ်ဆောင် ခိုင်နှင်းဝေ၏ အသက် ၄၃ နှစ်ပြည့် မွေးနေ့အလှူကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာတွင် မတ် ၁၄ ရက် မွန်းလွဲပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ခိုင်နှင်းဝေ၏ အသက် ၄၃ နှစ်ပြည့် မွေးနေ့အလှူအဖြစ် အရေးပေါ်အသက်အန္တရာယ်ကြုံနေသူလူနာ ၁၀ ဦးကို ပျောက်ကင်းသည်ထိ ဆေးကုသပေးခြင်း၊ ခြေတုလိုအပ်သူ ၁၀ ဦးကို ခြေတုလှူဒါန်းခြင်း၊ မွေးလူနာဦးရေ ၂၀ အတွက် မွေးဖွားစရိတ်အပြည့်အစုံပံ့ပိုးလှူဒါန်းခြင်း၊ အသက် ၆၅ နှစ်အရွယ်ရှိသူ ၁၀၅ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အလှူငွေလှူဒါန်းခြင်း၊ ခိုင်နှင်းဝေ ရင်သွေးလေးများ ဂေဟာအနီးပတ်ဝန်းကျင်ရှိ ကလေးများကို မွေးနေ့ကိတ်များ ဝေငှလှူဒါန်းခြင်းအတွက် စုစုပေါင်းအလှူငွေကျပ် သိန်း ၁၅၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

"မတ် ၁၄ ရက်က အစ်မရဲ့မွေးနေ့လား၊ ကလေးတွေရဲ့ မွေးနေ့လားတောင် မသိပါဘူး။ ဒီနှစ် မွေးနေ့ကတော့ အလှူအတန်းတွေလုပ်တယ်။ ကလေးတွေနဲ့တူတူ မွေးနေ့ကိတ်ခွဲတယ်။ သူတို့လေးတွေကတော့ ပျော်နေကြတယ်။ သူတို့က မေမေ့ကို ချစ်တယ်ဆိုပြီး Birthday Wish လုပ်ပေးကြတာ အစ်မအတွက် ကြည်နူးရတယ်။ သူတို့တစ်နှစ်ထက်တစ်နှစ် ပိုကြီးလာတာနဲ့အမျှ အမေ့ကိုချစ်တယ်ဆိုတဲ့ စိတ်လေးတွေက ရင်ထဲ၊ စိတ်ထဲ စွဲလာပြီး မြင်ရတော့ပျော်တယ်။ အခုလိုမျိုး သူတို့စိတ်ထဲ အမေဆိုတာ စွဲလာပြီး သူတို့ဆီက အမေ့ကို ချစ်တယ်ဆိုတာမျိုး ပြောတာကို ကြားခွင့်ရဖို့ အစ်မအများကြီး ကြိုးစားခဲ့ရတာပါ" ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာတွင် ခေါ်ယူစောင့်ရှောက်ထားသည့် ရင်ခွင်ပိုက်အရွယ်မှ အသက် ခြောက်နှစ်ခန့်ထိ ကလေးငယ်ဦးရေ ၆၀ ကျော်ရှိပြီး ဝန်ထမ်းအင်အား ၄၀ ကျော်ဖြင့် ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ ASH

# ဗဟန်းမြို့နယ် Mandalay Art Gallery တွင် Galaxy Art Exhibition ပန်းချီပြပွဲပြသသွားမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Mandalay Art Gallery တွင် Galaxy Art Exhibition ပန်းချပြပွဲကို မတ် ၁၆ ရက်မှ မတ် ၂၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်ထိုက်ထိုက်က ပြောပြ၍ သိရသည်။

အဆိုပါ Galaxy Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ အောင်ထိုက်ထိုက်၊ အမ်မျိုးကျော်၊ အောင်စည်သူ၊ အောင်နိုင်စိုး၊ အောင်ဖြိုး၊ ကေအမ်ကျော်၊ စိုးဝင်း၊ အောင်ကို၊ အောင်အောင်၊ ရဲလင်းအောင်၊ မင်းကျော်စွာ၊ ဇင်ယော်အောင်၊ စိုးမိုးထွန်း၊ ဇော်မိုးမြင့်သူ၊ အောင်သူ၊ သိန်းရွှေအောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကား ၁၀၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ ပန်းချီဆရာ ၁၆ ယောက်ရဲ့ ပန်းချီကားတွေကို ပြသပေးမဲ့ပန်းချီပြပွဲဖြစ်ပါတယ်။ ပြသမဲ့ပန်းချီကားအားလုံးက ဒီနှစ်ထဲမှာ ရေးဆွဲထားတဲ့ပန်းချီကားအသစ်တွေဖြစ်ပါတယ်။ မတ် ၁၆ ရက်ကနေ မတ် ၂၀ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးနိုင်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လှေ့လာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်" ဟု အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်ထိုက်ထိုက်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခြောက်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိ ရှိကြောင်း သိရသည်။

ASH

# The Man With The Bag ဇာတ်ကား၌ မင်းသား အာနိုးနှင့် အလန်ရစ်ဆန်တို့ ပါဝင်မည်

**နယူးယောက် မတ် ၁၅**

The Man With The Bag အမည်ရှိ အားလပ်ရက်ရာသီဟာသ ဇာတ်ကားတွင် မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာနှင့် အလန်ရစ်ဆန်တို့ ပါဝင်မည်ဖြစ်ကြောင်း မတ် ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် မှော်လွယ်အိတ်အခိုးခံရမှုကြောင့် ဒုက္ခရောက်ခဲ့ရသော ခရစ္စမတ်ဘိုးဘိုးကြီး စန်တာကလော့၏အဖြစ်ကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Man With The Bag ဇာတ်ကားသည် မင်းသားကြီး အာနိုးရှဝါဇင်နက်ဂျာအတွက် ငါးနှစ်တာကာလအတွင်း ပထမဆုံးဇာတ်ကားဖြစ်ပြီး မင်းသားကြီး အာနိုးနောက်ဆုံး သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားမှာ Terminator: Dark Fate အမည်ရှိ ဇာတ်ကားဖြစ်သည်။

The Man With The Bag ဇာတ်ကားကို ဒါရိုက်တာ အဒမ်ရှန့်မင်းက Amazon ရုပ်ရှင်စတူဒီယိုအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် The Man With The Bag ဇာတ်ကားရုံတင်မည့်ရက်ကို Amazon ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Rogue Squadron ဇာတ်ကား ရိုက်ကူးရေး လက်မှတ်ရေးထိုးထားကြောင်း ပက်တီဂျန်ကင်းပြောကြား

**နယူးယောက် မတ် ၁၅**

Rogue Squadron ဇာတ်ကားကို ဇာတ်ညွှန်းရေးသားရိုက်ကူးပေးရေးအတွက် လူးကပ်ရုပ်ရှင်ကုမ္ပဏီ၊ ဒစ္စနီးရုပ်ရှင်ကုမ္ပဏီတို့နှင့် သဘောတူညီချက်သစ်တစ်ရပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဒါရိုက်တာ ပက်တီဂျန်ကင်းက မတ် ၁၄ ရက်တွင် ပြောကြားသည်။

နာမည်ကျော်အမျိုးသမီးဒါရိုက်တာ ပက်တီဂျန်ကင်းသည် Wonder Woman 3 ဇာတ်ကားကို ရိုက်ကူးရေးအတွက် Rogue Squadron ဇာတ်ကား ရိုက်ကူးရေးစီမံချက်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။


သို့ရာတွင် Rogue Squadron ဇာတ်ကား ဒါရိုက်တာနေရာကို ပြန်လည်ရယူရေးအတွက် လူးကပ်ရုပ်ရှင်ကုမ္ပဏီ၊ ဒစ္စနီးရုပ်ရှင်ကုမ္ပဏီတို့နှင့် သဘောတူညီချက်သစ်တစ်ရပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဒါရိုင်တာ ပက်တီဂျန်ကင်းက မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

Rogue Squadron ဇာတ်ကား ရိုက်ကူးမည့်အစီအစဉ်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ်ကပင် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Rogue Squadron ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Yinmabin District harvests more than 23,000 acres of groundnut in winter



Workers harvesting groundnuts in a field.

**Yinmabin March 15**

A total of 23,039 acres of winter groundnut has been harvested in Yinmabin District of Sagaing Region, according to the statistics of the district Agriculture Department.

Starting from February this year, local farmers have harvested 23,039 acres of winter groundnut in Yinmabin District, yielding 63.81 baskets per acre.

"Local farmers have harvested 23,039 acres of groundnut against the target of 33,424 acres. Its yield is high. Prices of groundnut seeds are also high, benefiting the local farmers," said Daw Myat Moe Win, Head of Yinmabin District Agriculture Department.

Yinmabin Township harvested 2,021 acres, Kani Township 9,700 acres, Salingyi Township 10,268 acres and Pale Township 1,050 acres, 23,039 acres.

The district scheduled to grow 32,794 acres of groundnut in 2023-24 financial year. Starting from October 2023, local farmers cultivated 18,755 acres of groundnut in Kani Township, 3,351 acres in Yinmabin Township, 10,268 acres in Salingyi Township and 1.050 acres in Pale Township, totalling 33,424 acres.

Relevant township agriculture department raises farmer awareness of using quality strains of groundnut, good agricultural methods, and GAP system.

Staff of Township Agriculture Department share knowledge about agricultural methods, prevention of pests and post-harvest technology with local farmers in addition to field demonstration. Moreover, local authorities sell urea fertilizers at fair prices to local farmers.

206

# More than 5,000 acres of kidney bean cultivated in Tamu District

**Tamu March 15**

According to the statistics of Tamu District Agriculture Department, a total of 5,220 acres of croplands have been placed under cold season crops in Tamu District of Sagaing Region.

In 2023-24 financial year, Tamu District has cultivated 5,220 acres of cold season crops starting from October 2023 exceeding the target of 4,295 acres.

U Hla Myint, Head of Tamu District Agriculture Department, said, "We have earmarked cultivation of more than 4,000 acres of kidney bean in the district but local farmers have grown more than 5,000 acres of croplands. So, we provide local farmers with quality strains of crops, inputs, and post-harvest technology."

In the district, Myothit Township planted 1,055 acres of kidney bean, Tamu Township 3,155 acres and Khampat 1,010, totalling 5,220 acres.

In 2023-24 FY, the district earmarked cultivation of 100 acres in Myothit Township, 2,295 acres in Tamu Township and 1,000 acres in Khampat.

Officials from the relevant agriculture departments help local farmers expand sown acreage of kidney bean, high yield, use of GAP system and quality strains of bean, and use of high yield strains.

The crops cultivated in GAP can get higher quality than other crops, fetching good prices. Such kinds of crops can be exported, benefiting the farmers.

206



A thriving kidney bean plantation.

# White cow pea market flourishes in Mandalay: China's repurchases boost trading

**Mandalay March 15**

U Sat Maung Swe, secretary of the Association of Brokers, Traders, and Millers at the Mandalay Commodity Exchange, reports a positive trend in the white cow pea market.

The market has witnessed a surge in purchases from abroad, indicating growing interest in white cow peas.

Not only overseas buyers but also local merchants are actively participating in the market.

After a period of stagnation, trading has picked up. As of March 12, the price of white cow pea reached 200,000 kyats per bag of three baskets.

China is now repurchasing white cow peas produced in Myanmar, contributing to the market's revival.

White cow peas are regularly produced during the waxing days of Nadaw. They originate from the Ayeyawady River and Chindwin River watershed areas and are cultivated in regions such as Myinbmu and Myaung townships in Sagaing Region.

The Mandalay market is witnessing renewed vigor, and white cow peas are once again thriving.

184

# Non-oil economic activity accounts for 50 pct of Saudi GDP

**Riyadh March 15**

Non-oil economic activity in Saudi Arabia has achieved a milestone by contributing 50 percent of the country's real gross domestic product (GDP) in 2023, the Saudi Press Agency reported on Thursday.

It is the highest level on record, according to the Ministry of Economy and Planning.

The non-oil economy of the Kingdom was valued at 1.7 trillion Saudi Riyals (approximately 453 billion U.S. dollars) at constant prices, driven by steady growth in investment, consumer spending, and exports.

Private-sector investment has surged over the past two years, with a growth rate of 57 percent, reaching a record high of 959 billion Saudi Riyals (254 billion dollars) in 2023. Arts and entertainment sector experienced a 106 percent growth between 2021 and 2022.

Real service exports, mainly fueled by tourist spending, have soared over the past two years, with a growth rate of 319 percent.

The notable increase in non-oil activity within the economic structure is in line with the Kingdom's goal to diversify the growth drivers of its economy.

Xinhua

# War in Gaza narrows mediation space in Yemen: UN envoy

**New York March 15**

United Nations (UN) Special Envoy for Yemen Hans Grundberg warned Thursday that the war in Gaza is narrowing the mediation space in Yemen and risks reversing the peace process.

"The mediation space has grown more complex," said Grundberg. "Although we have tried to shield the peace process from regional developments since the war in Gaza, the reality is ... that what happens regionally impacts Yemen and what happens in Yemen can impact the region."

Last week, the Houthis attacked a bulk carrier in the Gulf of Aden, killing and wounding several crew members. Another vessel that the Houthis recently struck, the Rubymar, left an oil slick and has now sunk in the Red Sea along with its cargo, he told the Security Council in a briefing.

"Regrettably, the current trajectory gives cause for serious concern," said Grundberg.

The longer the escalatory environment continues, the more challenging Yemen's mediation space will become. With more interests at play, the parties to the conflict in Yemen are more likely to shift calculations and alter their negotiation agendas. In a worst-case scenario, the parties could decide to engage in risky military adventurism that propels Yemen back into a new cycle of war, he said.

Xinhua



The Security Council holds a meeting on the situation in Yemen at the UN headquarters in New York, on March 14, 2024.

# Myanmar-Bangladesh trade value scores US$13.20 million in 11 months of 2023-24 FY


Cargoes being uploaded onto trucks for export.

**Nay Pyi Taw March 15**

The trade value between Myanmar and Bangladesh through land borders reached US$13.202 million during the period from April 2023 to February 2024 in the 2023-24 financial year, said U Aung Aung, general secretary of Rakhine State Chambers of Commerce and Industry.

The border trade measures between Myanmar and Bangladesh are taken in Sittway and Maungtaw border posts. Myanmar primarily exports fresh ginger, onion, bens, turmeric, dried plum, tamarind and other agricultural produce as well as freshwater and saltwater fishes to Bangladesh.

"Myanmar earned US$12.113 million incomes from export of goods to Bangladesh during the period and spent US$1.089 million on import of goods from Bangladesh, totalling $13.20 million," he added.

Myanmar ships areca nut, wool, coconut oil, dried fishes, raw broom and other goods from Rakhine State to Bangladesh in addition to plum jam, fresh ginger, onion, gram, dried plum, tamarind seeds, cotton saraongs, Thanakha solids, coffee mix, sunflower seeds and instant noodles from other regions and states.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of croplands placed under chickpea in Dabayin Township

**Dabayin March 15**

YeU District Agriculture Department stated that a total of 4,985 acres of chickpea has been cultivated in Dabayin Township of Sagaing Region.

The township scheduled to grow 7,170 acres of chickpea this winter of 2023-24 financial year. But they have grown 4,985 acres of chickpea.

"We provide quality strains of bean, inputs and post-harvest technology to local farmers for having high quality of crops and per-acre yield," said U Zaw Myint Tun, Head of YeU District Agriculture Department.

Local farmers chose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than K300,000 per acre of growing chickpea.

In 2022-23 financial year, local farmers planted 7,178 acres of chickpea in Dabayin Township, starting from December 2022.

Personnel of relevant departments cooperate with local farmers in growing pulses and beans with quality strains of crops, inputs, post-harvest technology and other necessary assistance in addition to use of trichodama.


A chickpea plantation.

206

# Labutta locals ship 82,000 tons of river catfish to Yangon in February

**Labutta March 15**

Up to 82,000 tons of river catfish were shipped from Labutta Township, Ayeyawady Region, to the Yangon market in February, said Daw Win Win Maw, the owner of a trade fair for fishery products in Labutta Township.

The business owners of fishery products from Labutta Township have been selling fishery products including river catfish to the Yangon market. It is reported that they were able to sell up to 59,000 tons of river catfish from Labutta Township to the Yangon market in January, 2024 and from February 1 to 29, they were able to sell up to 82,000 tons of river catfish.

"We have sold many more river catfish than January. All fishery products from Labutta Township are being sold to the Yangon market. During the past month and now, the Yangon side has been doing good trading of fishery products. River catfish are being traded briskly in the domestic market. As the sale increases, those in the river catfish industry are comfortable," she said.

KKL


River catfish being caught in a net.

# Chickpea, green gram marketable in Mandalay bean and sesame market

**Mandalay March 15**

U Set Maung Swe, Secretary of Brokers, Merchants and Millers Mahha Kahteindaw Association (Mandalay Commodity Centre), said that chickpea and green gram are in high demand at Mandalay bean and sesame market.

In the past, chickpea and green gram were traded as regular process at home. Now, these stocks are in high demand.

"Moreover, maize, wheat and Chinese lablab bean are also in high demand," he added.

On 11 March, chickpea V2 was traded at K257,000 per bag, V7 K258,000 and 929 K250,000. At present, these strains of chickpea are marketable at high prices.

Likewise, green gram fetched K135,000 per bag on 11 March. At the same time, white sesame fetched K400,000 per bag, brown sesame K310,000 and black sesame, K415,000 on 11 March.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်စစ်ဘက်တွင် စစ်လက်နက်ပစ္စည်းများပြန်လည်ဖြည့်တင်းရန် ကန်ဒေါ်လာ ၁၀ ဘီလီယံလိုအပ်နေကြောင်း ပင်တဂွန်ပြောကြား



အမေရိကန်စစ်ဘက်သည် ယူကရိန်းသို့ စစ်လက်နက်၊ ပစ္စည်းကိရိယာ၊ ခဲယမ်းများ ပံ့ပိုးပေးပို့ထားသောကြောင့် စစ်လက်နက်ပစ္စည်းများ ပြန်လည်အစားထိုးဖြည့်တင်းရန် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ လိုအပ်နေကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားချက်ကိုကိုးကား၍ အမေရိကန် မီဒီယာများက မတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလိုငွေပြမှုကို ချန်လှပ်ထားပါက လက်နက်တိုက်များတွင် စစ်လက်နက်ပစ္စည်းများဖြည့်တင်းရန် လိုအပ်ချက်သည် အမေရိကန်စစ်ဘက်အပေါ် ဖိအားတစ်ခု သက်ရောက်ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက Politico သတင်းဌာနသို့ပြောကြားခဲ့သည်။

အိမ်ဖြူတော်သည် ယူကရိန်းအကူအညီအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ဘီလီယံ၆၀ ကျော်ကို တောင်းခံခဲ့သော်လည်း ရီပတ်ဘလစ်ကန်အမတ်များ ထိန်းချုပ်ထားသော အောက်လွှတ်တော်က အဆိုပါငွေကို သဘောတူခွင့်ပြုရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အကြိမ်ကြိမ်တောင်းဆိုမှုများကို တားမြစ်ပိတ်ပင်ထားဆဲဖြစ်သည်။

အမေရိကန်လက်နက်တိုက်များ ပြန်လည်ဖြည့်တင်းရန်အတွက် နောက်ဆက်တွဲထောက်ပံ့မှုတွင် ရန်ပုံငွေပမာဏအများအပြားကို အတည်ပြုပေးရန် လိုအပ်ကြောင်း၊ ထိုသို့မဟုတ်ပါက ကိုယ်ပိုင်လက်နက်တိုက်များပေါ်တွင် မူတည်နေသောတိုက်ပွဲဝင်အသင့်ဖြစ်မှုသည် အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းပြီးမှသာ ပြန်လည်ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်ပိုင် စစ်လက်နက်ပစ္စည်းသိုလှောင်ရုံများမှ ထုတ်ယူထားသောလက်နက်များ၏ စာရင်းတန်ဖိုး၊ နောက်ထပ် စစ်လက်နက်ပစ္စည်းအသစ်များနှင့် အစားထိုးရန် ကုန်ကျစရိတ်တို့ကြား ကွာခြားချက်များကြောင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိသုံးစွဲရန် လိုငွေပြခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဥပမာအားဖြင့် လက်ရှိ ရှိနေသော စစ်လက်နက်ပစ္စည်း၊ ခဲယမ်းများကို ယူကရိန်းသို့ပေးပို့မည်ဆိုလျှင် ပင်တဂွန်စစ်ဌာနချုပ်သည် ၎င်းတို့ကို ပိုမိုဈေးကြီးသော ဗားရှင်းသစ်များဖြင့် အစားထိုးရမည်ဟု ဆိုထားသည်။

ယူကရိန်းသို့ပံ့ပိုးမည့် အမေရိကန်စစ်ဘက်ပိုင် လက်နက်ဂိုဒေါင်များ၌ သိုလှောင်ထားသော လက်နက်ခဲယမ်းများ၏ စုစုပေါင်းတန်ဖိုးသည် ခန့်မှန်းထားသည်ထက် လျော့နည်းနေသည့်အတွက် ပင်တဂွန်စစ်ဌာနချုပ်က ယူကရိန်းသို့ စစ်လက်နက်ခဲယမ်းအကူအညီ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံထိ အခမဲ့ပံ့ပိုးပေးနိုင်သည်ဟု ၂၀၂၃ ခုနှစ် ဇွန်လက ကြေညာခဲ့သေးသည်။

ပြီးခဲ့သည့်နှစ်ကုန်တွင် ဘိုင်ဒင်အုပ်ချုပ်ရေးအဖွဲ့သည် ယူကရိန်းပဋိပက္ခအတွက် အခြားအနောက်အုပ်စုနိုင်ငံများက ပံ့ပိုးမှုများထက် များစွာသာလွန်ခဲ့ပြီး ယူကရိန်းပဋိပက္ခအတွက် ငွေကြေးနှင့် စက်ပစ္စည်းကိရိယာများကို အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံကျော် ပံ့ပိုးပေးနိုင်ခဲ့သည်။ အမေရိကန် ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသောရန်ပုံငွေများ ကုန်ခန်းသွားပြီးနောက် လွှဲပြောင်းပို့ဆောင်မှုများ ရပ်တန့်သွားခဲ့ရသည်ဟု အိမ်ဖြူတော်က ဇန်နဝါရီလလယ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ အကူအညီများပေးပို့ရန် အခွင့်အာဏာရှိနေသေးသော်လည်း ကာကွယ်ရေးဝန်ကြီး Lloyd Austin က ထိုရန်ပုံငွေကိုခွင့်ပြုပေးရန် တွန့်ဆုတ်နေသည်ဟု Politico သတင်းဌာန၏ အဆိုအရ သိရသည်။

**Pentagon reveals $10 billion arms 'hole' due to Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကို F-16 တိုက်လေယာဉ်များပံ့ပိုးရန် ကတိကဝတ်အပေါ် NATO နိုင်ငံများက ဖြည့်ဆည်းမပေးနိုင်ခဲ့

ယူကရိန်းနိုင်ငံသို့ F-16 တိုက်လေယာဉ် ၄၅ စင်း ပံ့ပိုးရန် ကတိကဝတ်ပြုထားမှုကို NATO အဖွဲ့ဝင်နိုင်ငံများက ဖြည့်ဆည်းမပေးနိုင်ခဲ့ကြောင်း New York Times သတင်းစာတွင် ရေးသားဖော်ပြထားချက်ကို ကိုးကား၍ ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အုပ်ချုပ်ရေးအဖွဲ့က ယူကရိန်းစစ်ဘက်ထံ စတုတ္ထမျိုးဆက် F-16 တိုက်လေယာဉ်များ ပံ့ပိုးပေးအပ်ရန် ခွင့်ပြုပေးခဲ့ပြီး ဒိန်းမတ်၊ နယ်သာလန်၊ နော်ဝေ၊ ဘယ်လ်ဂျီယံတို့ထံမှ စုစုပေါင်းတိုက်လေယာဉ် ၄၅ စင်း ပံ့ပိုးမည်ဟု ကတိပြုခဲ့ကြသည်။

သို့သော်လည်း ယခုအချိန်ထိ ဒိန်းမတ်အာဏာပိုင်များကသာ ယူကရိန်းသို့ တိုက်လေယာဉ်များရောက်ရှိလာနိုင်မည့် အချိန်ကာလကို ထုတ်ပြန်ကြေညာထားသေးကြောင်း New York Times သတင်းစာက မတ် ၁၁ ရက်ထုတ်ဆောင်းပါးတစ်ပုဒ်တွင် ထည့်သွင်းဖော်ပြထားသည်။ ဒိန်းမတ်နိုင်ငံသည် ယူကရိန်းသို့ နွေဦးနှောင်းပိုင်းတွင် F-16 တိုက်လေယာဉ် ခြောက်စင်းသာ ပေးပို့သွားမည်ဖြစ်ပြီး နောက်ထပ် ၁၃ စင်းကို ယခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၅ ခုနှစ်တွင် ပေးပို့နိုင်လိမ့်မည်ဟု ထုတ်ဖော်ပြောဆိုထားသည်။

ယူကရိန်းနိုင်ငံသည် ကတိပြုထားသည့်အတိုင်း F-16 တိုက်လေယာဉ် ၄၅စင်းလုံးကို လက်ခံရရှိခဲ့လျှင် မောင်းနှင်ရန် လေယာဉ်မှူး လုံလောက်မှုမရှိသေးကြောင်း၊ လက်ရှိတွင် ယူကရိန်းလေယာဉ်မှူး ၁၂ ဦးသာရှိကြောင်းသိရသည်။ လာမည့်နွေရာသီအတွင်း အမေရိကန်က ဒီဇိုင်းထုတ်ထားသည့် တိုက်လေယာဉ်ဖြင့်တိုက်ပွဲဝင်ပျံသန်းနိုင်ရန်၊ အသင့်ဖြစ်ရန်မျှော်လင့်ထားကြောင်းလည်း သိရသည်။

သတင်းစာအဆိုအရ ဆိုဗီယက်ခေတ်ထုတ်တိုက်လေယာဉ်များသာ ပျံသန်းမောင်းနှင်ဖူးလေ့ရှိသော လေယာဉ်မှူးများသည် F-16 ကို မောင်းနှင်ရန် ဒိန်းမတ်၊ အမေရိကန်၊ ဗြိတိန်နိုင်ငံတို့တွင် လွန်ခဲ့သည့် ၁၀ လ အတွင်း လေ့ကျင့်သင်ကြားခဲ့ရကြောင်း သိရသည်။

ယူကရိန်းလေယာဉ်မှူးများ၏ လေ့ကျင့်သင်ကြားမှုမှာ NATO မဟာမိတ်နိုင်ငံများက ကျင့်သုံးသောပျံသန်းမှုဆိုင်ရာ နည်းစနစ်များနှင့် နည်းဗျူဟာများကိုသာမက အင်္ဂလိပ်ဘာသာစကားကိုပါ သင်ယူခဲ့ရကြောင်း ဖော်ပြထားသည်။



F-16 တိုက်လေယာဉ်များ တပ်စွဲထားနိုင်ရန် ယူကရိန်း၏ သက်တမ်းကြာမြင့်နေပြီဖြစ်သော ပဋိပက္ခကြောင့် ပျက်စီးနေသည့် လေယာဉ်ကွင်းများကိုပြန်လည်မွမ်းမံပြင်ဆင်ရန် လိုအပ်ချက်ရှိခြင်းသည် F-16 တိုက်လေယာဉ်များ ယူကရိန်းပဋိပက္ခအတွင်းသို့ ဝင်ရောက်လာနိုင်မှုကိုနှောင့်နှေးစေသည့် နောက်ထပ်ပြဿနာတစ်ခုဖြစ်ကြောင်း New York Times သတင်းစာက မှတ်ချက်ပြုခဲ့သည်။

ပြီးခဲ့သည့်အပတ်က Politico သတင်းဌာနတွင် ပါရှိလာသည့်ဆောင်းပါးတစ်ပုဒ်တွင် F-16 တိုက်လေယာဉ်များတိုက်ပွဲဝင်ပျံသန်းလုပ်ဆောင်နိုင်ရန် ယူကရိန်းအတွက် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးဖြစ်သည်။ လေယာဉ်များနှင့် ၎င်းတို့၏ အခြေစိုက်စခန်းများသည် ရုရှားတပ်ဖွဲ့များအတွက် အဓိကပစ်မှတ်များဖြစ်လာကြလိမ့်မည်၊ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသေးသော လေယာဉ်ပြေးလမ်းများသည် အဆင့်မြင့်တိုက်လေယာဉ်ကို ပျက်စီးမှုများနှင့် ကြုံတွေ့လာရနိုင်ပြီး F-16 များကိုပြုပြင်မွမ်းမံခြင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ ဒူးမားလွှတ်တော် နိုင်ငံခြားရေးရာကော်မတီ၏ အကြီးအကဲအဖြစ် ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ရုရှားအထက်လွှတ်တော်အမတ် Aleksey Pushkov က F-16 သည် တိုက်ပွဲလမ်းကြောင်း သို့မဟုတ် တပ်ဖွဲ့များ၏ ဟန်ချက်ညီမှုကို ပြောင်းလဲနိုင်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း ရုရှားနှင့် NATO အုပ်စုကြား ထိပ်တိုက်တွေ့ဆုံလာနိုင်မှုအန္တရာယ် ပိုမိုမြင့်လာကြောင်း ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့သည်။

ယူကရိန်းသို့ Leopard-2 တင့်ကားများ၊ Bradley တိုက်ခိုက်ရေးယာဉ်များနှင့် F-16 တိုက်လေယာဉ်များ ပို့ဆောင်ပြီးသည်နှင့် တိုက်ခိုက်ဖျက်ဆီးခံရမည်ဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြီးခဲ့သည့်နှစ်က သတိပေးခဲ့သည်။

**NATO states will break F-16 pledge to Ukraine – NYT ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၆၄၉၄၀ စိုက်ပျိုးပြီးစီး



**ရွှေဘို မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၆၄၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၁၈၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၄၉၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲဧက ၆၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၄၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ရွှေဘိုခရိုင်မှာ ကုလားပဲစိုက်ပျိုးမှုကတော့ တိုးလာသလို အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ကုလားပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၆၇၉ ဧက၊ ခင်ဦးမြို့နယ်တွင် ဧက ၃၀၃၀၊ ဝက်လက်မြို့နယ်တွင် ဧက ၅၆၈၆၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၄၁၁ ဧက စုစုပေါင်းဧက ၆၄၉၄၀ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၆၄၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၅၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၄၃၂၇ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်း ၆၁၈၄၄ ဧက ဖြစ်ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ချီဖွေမြို့နယ် နန့်အိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချီဖွေ မတ် ၁၅**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန့်အိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသန္တာနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ချီဖွေမြို့နယ် နန့်အိုးကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကိုရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားသည်။

ချီဖွေမြို့နယ် နန့်အိုးကျေးရွာ၌ လမ်းအရှည် ပေ ၃၇၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သုည ဒသမ ၄ သန်း စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။



**ကျော်ဇောဦး(မောရမ်းမြေ)**

# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ မတ် ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အပြင်မဲကနယ်ကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး မှာကြားသည်။

ထို့နောက် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)




















**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**

☆ **ကျောဖုံးမှအဆက်**

စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ရူပဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၄ ခု စာစစ်ဌာနစုစုပေါင်း ၈၃၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ဦးရေ ၁၂၅၈၇၀ ရှိပြီး ရူပဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူစုစုပေါင်း ၁၁၁၄၆၂ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၅၅ ရာခိုင်နှုန်း ရှိကြောင်းနှင့် သမိုင်းဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန နှစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၀၇ ခု စာစစ်ဌာနစုစုပေါင်း ၇၀၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ၂၀၆၅၁ ဦး ရှိပြီး သမိုင်းဘာသာရပ်ကို လာရောက်ဖြေဆိုသူစုစုပေါင်း ၁၇၂၀၇ ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၃ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မုန့်နှင့် အအေးဘူးများ ပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟုတ်မမှန်လုပ်ကြံသတင်းများထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၅**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရန်နှင့် စျေးကစားမှုများ မဖြစ်စေရန်အတွက် သွင်းကုန်လုပ်ငန်းရှင်များလိုအပ်သော နိုင်ငံခြားငွေများကို Online Trading Platform မှတစ်ဆင့် ရောင်းချပေးခြင်း၊ နိုင်ငံခြားသို့ ဆေးကုသခြင်း၊ ပညာတော်သင်သွားခြင်း၊ ဘုရားဖူးသွားခြင်း၊ အလုပ်အကိုင်ကိစ္စရပ်များဖြင့် ထွက်ခွာမည့်သူများအတွက် အသေးသုံးနိုင်ငံခြားငွေများကို ပုဂ္ဂလိကဘဏ်များ၏ ငွေလဲကောင်တာများတွင် ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်လျက်ရှိသော Online Trading Platform တွင် ဘဏ်များနှင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်များအကြား အမေရိကန်တစ်ဒေါ်လာလျှင် ၃၃၇၅ ကျပ်နှုန်းဖြင့် ရောင်းဝယ်နေသကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ပံ့ပိုးမှုဖြင့် ပုဂ္ဂလိကဘဏ် သုံးဘဏ်တို့၏ အောက်ပါငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ အမေရိကန်ဒေါ်လာ ၅၀၀ အထိကို အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၃၁၀၀ နှုန်းဖြင့် အထူးအစီအစဉ်အရ ရောင်းချပေးလျက်ရှိပါသည်-

| ဘဏ်အမည် | ရန်ကုန် | မန္တလေး | နေပြည်တော် | တောင်ကြီး |
|---|---|---|---|---|
| KBZ | (၉)မိုင်ဘဏ်ခွဲ၊ဦးဝိစာရလမ်း(၂) ဘဏ်ခွဲ၊ ရန်ကုန်လေဆိပ် (ဆိုက်ရောက်) | IBDဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ၊ (၄)ဘဏ်ခွဲ | ဘဏ်ခွဲ(၅) | ဘဏ်ခွဲ(၁) |
| AYA Bank PCL | ရန်ကုန်လေဆိပ်၊ ပါရမီဘဏ်ခွဲ၊ ကျောက်တံတားဘဏ်ခွဲ၊ အလုံဘဏ်ခွဲ၊ မရမ်းကုန်းဘဏ်ခွဲ | လမ်း(၃၀)ဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ | နေပြည်တော်ဘဏ်ခွဲ | |
| UAB | စမ်းချောင်းဘဏ်ခွဲ၊ ရန်ကုန်လေဆိပ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ သိမ်ဖြူဘဏ်ခွဲ | (၈၄)လမ်းဘဏ်ခွဲ၊ ဆိုင်းတန်းဘဏ်ခွဲ၊ ဗိုင်းမွန်းဘဏ်ခွဲ | နေပြည်တော်ဘဏ်ခွဲ | |


၃။ ဤကဲ့သို့ဆောင်ရွက်နေသည့် အခြေအနေများကိုလည်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Official Website နှင့် AYA Bank၊ KBZ Bank၊ uabBank တို့၏ လူမှုကွန်ရက်စာမျက်နှာများနှင့် Official Website များတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

၄။ ယင်းသို့ နိုင်ငံခြားငွေများကို ရောင်းချပေးလျက်ရှိသော်လည်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမဖြစ်စေလိုသော မသမာသူအဖျက်သမားများက အောက်ပါလူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များမှတစ်ဆင့် မဟုတ်မမှန်လုပ်ကြံသတင်းများထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများမြင့်တက်စေရန် လှုံ့ဆော်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) Mr. Hamburger Channel (Viber)
(ခ) Myanmar Market Price (App & (Facebook)
(ဂ) Htet Yan Money Exchange (Facebook)
(ဃ) Dollar Exchange Rate (Facebook)
(င) Daily Gold (Facebook)
(စ) Myanmar Future News (Facebook)
(ဆ) ရွှေဈေး၊ ဒေါ်လာဈေး (Facebook)
(ဇ) GG-Money Exchange (Facebook)
(ဈ) ရဝေထွန်း-စိန်ရွှေရတနာဆိုင် (Facebook)
(ည) ရွှေဈေးနှုန်း၊ ငွေဈေးနှုန်း (Facebook)
(ဋ) Domestic Price Now
(ဌ) Shwedingar.com
(ဍ) Gold (Facebook)
(ဎ) Law Ka Media (Facebook)
(ဏ) Money Changer (Yangon) ငွေဈေး ဒေါ်လာဈေး (Facebook Group)

၅။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များသည် မမှန်ဟုသိလျက်နှင့် သို့မဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်သတင်းဖြန့်ဝေခြင်း သို့မဟုတ် မမှန်သတင်းဖြန့်ရန် ကြံရွယ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က (ခ)အရလည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၈(က)အရလည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ အရသော်လည်းကောင်း တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၆။ မိဘပြည်သူများအနေဖြင့်လည်း နိုင်ငံခြားငွေအမှန်တကယ်လိုအပ်ချက်များရှိပါက အထက်ဖော်ပြပါ အထူးအစီအစဉ်ဖြင့် နိုင်ငံခြားငွေရောင်းချပေးနေသော ငွေလဲကောင်တာများတွင် ဝယ်ယူကြရန်နှင့် မဟုတ်မမှန်သတင်းထုတ်လွှင့်ပြီး နိုင်ငံခြားငွေကြေးဈေးကစားသူများ၏ ပြောကြားချက်၊ ထုတ်ပြန်ချက်များကို မယုံကြည်ကြပါရန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ https://www.cbm.gov.mm/ ရှိ News & Announcements တွင် နေ့စဉ် Online Trading Rate ကို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ဘဏ်များနှင့် တရားဝင်ငွေလဲကောင်တာများတွင်သာ နိုင်ငံခြားသုံးငွေများကို လဲလှယ်ရောင်းဝယ်သွားကြရန် တိုက်တွန်းအပ်ပါသည်။















# ၂၀၂၄ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမ၌ ကျင်းပ



**မန္တလေး မတ် ၁၅**

မတ် ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီအတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်ဦးက စားသုံးသူကာကွယ်ရေးဥပဒေအရ ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားနှင့် ကိုက်ညီမှုမရှိသည့်ကုန်စည်များ၊ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်ကုန်စည်များ၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များစစ်ဆေးခြင်းတို့ကို ဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Vidoe Clip ကို ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ (Consumer International-CI)က သတ်မှတ်ထားသော ၂၀၂၄ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ဆောင်ပုဒ်မှာ မျှတအလေးမူတာဝန်ယူ၊ စားသုံးသူအကျိုးပြုဉာဏ်ရည်တု (Fair and Responsible AI For Consumers) ဆောင်ပုဒ်ဖြစ်ကြောင်းနှင့် ဉာဏ်စမ်းပဟေဠိ ဖြေဆိုသူများမှ အဖြေအများဆုံးမှန်သူ သုံးဦးနှင့် နှစ်သိမ့်ဆုရှိသူ ခုနစ်ဦးတို့ကို တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒနှင့်သမိုင်းဘာသာရပ် ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုအားပေး

**မန္တလေး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးပညာရေးမှူးနှင့်တာဝန်ရှိသူများလိုက်ပါပြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲပဉ္စမနေ့ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့အား ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာဘာသာရပ်အလိုက် အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို အားပေးစကားများပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။





ထိုသို့ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၇၄ ခုဖွင့်လှစ်ထားရှိပြီး ယနေ့ဘာသာရပ်အလိုက်ဖြေဆိုမှုများအနေဖြင့် ရူပဗေဒဘာသာရပ်တွင် ဖြေဆိုသူဦးရေ ၁၈၄၉၀၊ ပျက်ကွက် ၇၂၃ ဦး ဖြေဆိုမှု ၉၆ ဒသမ ၂၄ ရာခိုင်နှုန်း ရှိကြောင်း၊ သမိုင်းဘာသာရပ်တွင် ဖြေဆိုသူ ၉၀၇ ဦး၊ပျက်ကွက် ၉၅ ဦး ဖြေဆိုမှု ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုတွေ့ဆုံအမှာစကားပြောကြားစဉ်။**

**နေပြည်တော် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက အုတ်တွင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကားပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို အဆိုပါသင်တန်းကျောင်းစားရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**❑ တာချီလိတ်နယ်စပ်မှ**

စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် တာချီလိတ်နယ်စပ်ဒေသနှင့် ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း၊ တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း၊တင်ပို့လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို မတ် ၂၂ ရက်မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်စိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘဝနာရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**အိမ်အပြင်၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို မတ် ၁၄ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ သက္ကယ်ကျင်းကျေးရွာအနီးတစ်ဝိုက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများထံမှ ငွေကြေးတောင်းခံခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်လုပ်ရပ်များကိုလက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၄ ရက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ သက္ကယ်ကျင်းကျေးရွာအနီး ဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီတဲ နှစ်လုံး၊ လက်လုပ်သေနတ်နှစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ သက္ကယ်ကျင်းကျေးရွာအတွင်းသို့ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများမှအထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများကို တစ်ဖက်သတ်စွပ်စွဲရေးသားကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဦးဝင်းရှိန် မှာကြား



**ရန်ကုန် မတ် ၁၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ CMP အထည်ချုပ် လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ၂၀၂၀ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှု လျော့နည်းပပျောက်စေရေးအတွက် တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ အိတ်ချုပ်စက်ရုံ Myanmar GiGi Leather Goods Manufactory Co.,Ltd နှင့် အင်းစိန်မြို့နယ်ရှိ Kaixi (Myanmar) Fashion Co.,Ltd အထည်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး CMP လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖန်တီးပေးနိုင်ပြီး မြန်မာလုပ်သားထုနှင့် နိုင်ငံတော်အတွက် ရေတိုရေရှည်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းဖြစ်ခြင်းကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် CMP လုပ်ငန်းများကို ဖွင့်လှစ်ခွင့်ပြုပြီး သက်ဆိုင်ရာဦးစီးဌာနများမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)နှင့် အလုပ်ရှင်တို့သည် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါထိခိုက်ခံစားမှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးများစွာ အထောက်အကူဖြစ်စေနိုင်ကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

# ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုး-ပန်းတောမီးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုး - ပန်းတောမီးလမ်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးစောကျော်ဝင်းနှင့်တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၉၂ ဒသမ ၃၉၉ သန်းဖြင့် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုး-ပန်းတောမီးလမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုကို စစ်ဆေးကြပြီး ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဝင်းဝင်းခိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုး-ပန်းတောမီးလမ်းတွင် ကွန်ကရစ်ခင်းခြင်းသည် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၄ ပေ၊ ၃ ခုနစ် လက်မရှိပြီး ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကကြီးကြပ်၍ လင်းရောင်စိန်ကုမ္ပဏီက ၂၀၂၃ခုနှစ် ၄နှ် ၁ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ကွန်ကရစ်လမ်းခင်းပေးနိုင်မှုကြောင့် ကျေးရွာနှစ်ရွာမှ လူဦးရေ ၅၈၇၈ ဦးတို့အတွက် ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည့်လမ်းတစ်လမ်းဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။ (၄၀၄)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၈၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

0w hkw ul @

# သံသရာခရီးဖော်

အောင်မာန်ဝင့်အောင်(တောင်ကြီး)



(၁)

"စောင့်ပါအုံးဟ။ နင်တို့ လောတယ်ကော"

"အချိန်မီမှ အဆင်ပြေမယ်။ နောက်ကျရင် သိတဲ့အတိုင်းပဲ နေရာကလုနေရမှာ"

"ခဏလေးတော့ စောင့်လိုက်ပါအုံး"

တောင်ကြီးဈေးသွားရောင်းကြမှာမို့ နံနက်အရုဏ်တောင်မရှိသေးပေ။ အင်းထဲရွာများက ဈေးသည်များက ညောင်ရွှေသို့ရောက်ရှိနေပြီဖြစ်သည်။ ရောင်းချမည့်ကုန်ပစ္စည်းများကို ညကတည်းက အဆင်သင့်ပြင်ဆင်ထားကြသည်။ နံနက် ၂နာရီ၊ ၃နာရီကတည်းက ရွာကထွက်လာခဲ့ကြခြင်းဖြစ်သည်။ ဘူးသီး၊ ဖရုံသီး၊ ဆူကာသီး(ဂေါ်ရခါးသီး)၊ ခရမ်းချဉ်သီး၊ ငါးရောင်းမည့်သူများက ငါးမျိုးစုံ၊ အင်းလေးအစားအစာ ရောင်းမည့်သူများကလည်းအဆင်သင့်။ အင်းပဲလှော်၊ အင်းလေးတိုဟူး၊ အင်းမုန့်ကြွပ်၊ ပဲလုံးဖြူ ဆန်လုံးစေ့၊ မုန့်ပြာလူးအထုပ်ပေါင်းမြောက်မြားစွာက ဈေးသွားမည့်ကားပေါ်ရောက်နေသော်လည်း နောက်ကျနေသည့်ကြီးမယ်ချိုကို စောင့်နေရသည်။

"ဟယ် အယ်အောင် နောက်ကျတာကွာ။ ငါတို့ဒီနေ့ဈေးရောင်းဖို့ ပစ္စည်းများတယ်။ ပြန်မသယ်ချင်ဘူး။ တကယ်ပဲ"

နာရီတကြည့်ကြည့်နှင့် နောက်ကျ၍ စိတ်ပူနေသူများကိုကြည့်ရင်း ကားသမား အယ်အောင် တစ်ယောက် ခေါင်းကုတ်နေတော့သည်။ အင်းရေပြင်ကို ကြည့်၍ ကြီးမယ်ချိုကိုသာ မျှော်နေမိ၏။ အသက်ကြီးသူမို့ နောက်ကျသဖြင့် ထားခဲ့ရလျှင် ဒုက္ခရောက်မည်ကို အယ်အောင် တွေးပူမိသည်။

လာသမျှ လှေများကို ငေးမောရင်း ကြီးမယ်ချိုပါလေမလားလို့ တွေးရင်းမျှော်ရ၏။ အချိန်က သိပ်နောက်ကျလို့ မဖြစ်ပေ။ အစောသွားနိုင်မှ အဆင်ပြေသည်။ ကားပေါ်က ဈေးသည်များ၏မျက်နှာက စူပုပ်နေကြပြီဖြစ်သည်။ သူတို့၏ အပြစ်တင်စကားများကိုနားထောင်မနေဘဲ အယ်အောင် ကြီးမယ်ချိုကိုမျှော်နေမိသည်။

"ငါ့သားရယ် ကြီးမယ်ချို နောက်ကျရင် စောင့်ပေးပါနော်။ ကားမရရင် အခက်တွေ့လို့ပါကွယ်"

သနားစရာ ကြီးမယ်ချို၏စကားကို ကြားယောင်ရင်း မြန်မြန်ရောက်လာပါစေလို့ ဆုတောင်းနေမိသည်။ လှေများတစ်စီးပြီးတစ်စီးရောက်လာသော်လည်း ကြီးမယ်ချိုပါမလာသေးပေ။ နေမကောင်းလို့များလားဟု တွေးပူမိလိုက်သေးသည်။ သို့သော် မဖြစ်နိုင်ပေ။ မနေ့ညက ကြီးမယ်ချိုကို သူတွေ့လိုက်ရသေးသည်။ နောက်ကျမည်စိုး၍ မျက်နှာငယ်လေးဖြင့် သူ့ကိုကြည့်နေကြသည့် ဈေးသည်များကို ကြည့်၍ သူ အားနာမိသည်။ တစ်ဖက်ကလည်း ကြီးမယ်ချိုပုံရိပ်လေးမြင်ယောင်မိတော့ သနားမိပြန်သည်။

"ခဏလေး စောင့်ကြပါအုံးဟာ"

သူနာရီကြည့်၍ ဆုံးဖြတ်လိုက်၏။ နောက် ၁၅မိနစ်မှ ကြီးမယ်ချို ရောက်မလာလျှင် ကားထွက်တော့မည်။ အနီးသို့ဆိုက်လာသော လှေများကိုကြည့်ရင်း အယ်အောင် မျက်နှာဝင်းလက်သွားတော့သည်။ နောက်ဆုံး ဝင်လာသည့် လှေလေးပေါ်မှာ သူမျှော်နေသည့် ကြီးမယ်ချို ပါလာသောကြောင့်ဖြစ်သည်။

(၂)

ကတုန်ကယင်နှင့် လှေပေါ်ကဆင်းလာသည့်ကြီးမယ်ချိုကို တွေ့တော့ အယ်အောင် အပြေးလေးသွားကြိုလိုက်သည်။

"နောက်ကျတယ် ကြီးမယ်ချိုရာ"

"အေး ငါ့သား အယ်အောင်ရယ်။ မေချို မနက်အစောထပါတယ်။ ဘုရားကန်တော့တာနဲ့ နည်းနည်းနောက်ကျသွားတယ်ဝေ့"

ကြီးမယ်ချိုရောင်းမည့် ကုန်စိမ်းထုပ်များ ကားပေါ်တင်ပေးရင်း အချိန်မီရောင်းရရန် ကားစက်နှိုးကာအမြန်မောင်းလာခဲ့သည်။

ကားနောက်ခန်းမှာတော့ ဈေးသည်မလေးများက နောက်ကျနေ၍ စိတ်ဆိုးနေကြသည်။ ကြီးမယ်ချိုက အသက်ကြီးပြီမို့ ကားရှေ့ခန်းမှာပဲထားရသည်။

"ဟော့ မယ်အုံ ကြီးမယ်ချို အသက်ကြီးပြီကော။ သူ့သားသမီးတွေ မကြည့်ဘူးလားဟယ်"

"မပြောချင်ဘူး မယ်အိရေ။ ရှိတာလေး ရောင်းပေးပြီး မလေးသွားတဲ့ သူ့သားငယ်က ငါးနှစ်ရှိပြီ စာမလာ၊ သတင်းမကြားအေ။ အကြီးကောင်ကလဲ ယစ်ထုတ်ကြီးမို့ ကြီးမယ်ချိုပဲ ဒုက္ခများပေါ့ဟာ"

"သားနှစ်ယောက်ရှိတာ အားမကိုးရဘူး။ သမီးတစ်ယောက်ကလဲ အိမ်ထောင်ကျတော့ သူ့အမျိုးသားနောက် ပင်လောင်း လိုက်သွားရတယ်လေ"

"အင်း အသက်ကြီးတော့ အကူမရှိရင် ဒုက္ခပဲကွယ်။ ငါတို့လဲ ဘယ်လိုလာမယ်မသိဘူးနော်"

"မသိရဘူးလေ။ ရှောင်လွှဲလို့မှ မရတာ။ ကြုံလာမှာပဲလေ"

တစ်ယောက်တစ်ပေါက်ပြောနေကြရင်း ကားကလေးက တောင်ကြီးမြို့အတွင်းသို့ ဝင်လာပြီဖြစ်သည်။ ပုံကျရောင်းမည့်နေရာရောက်တော့ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းချကြရင်း အလုပ်ရှုပ်သွားကြသည်။ ရသည့်နေရာ လုခင်းကြရင်း ဈေးလေး လူမကွဲခင် အမြန် ရောင်းရတော့သည်။

(၃)

ဈေးဝယ်သူများကို အပြုံးလေးဖြင့်ရောင်းရင်း အသက် ၆၀ ကျော် ကြီးမယ်ချိုကတော့ ဖက်ကြမ်းဆေးလိပ်ကြီးကိုခဲ၍ ဈေးရောင်းနေတော့သည်။

"ငရုတ်သီးစိမ်းတောင့်တွေနော်။ ခရမ်းချဉ်သီးတွေ လတ်တယ်ဝေ့။ ဘူးသီးလဲ နုတယ်။ ဈေးလျှော့ပေးမှာပေါ့ကွယ်။ ဝယ်သွားကြအုံးဟေ့"ဟု ပြောဆိုရင်း ဈေးရောင်းနေသည်ကို ဘေးကဈေးသည်များ ကြည့်ပြီးကြည်နူးရသည်။

အသက်ပဲကြီးလာပြီ။ သုံးမရသည့်၊ အားကိုးမရသည့် သားသမီးများအတွက် ကြီးမယ်ချို သိပ်ပြီးတွေးမပူတော့ပေ။ ကိုယ်လုပ်မှ ကိုယ်စားရမည်ဆိုသည့် အတွေးမျိုးပဲ စိတ်ထဲထားတော့သည်။ ကံကြမ္မာကို အပြစ်တင်နေ၍ ဘာမှထူးမည်မဟုတ်ဟု စိတ်ထဲတွေးရင်း အားသည့်အချိန်၊ ရသည့်အချိန်ဟာ တရားဘာဝနာများနှင့် အချိန်ကုန်လွန်စေပြီး ဘဝဝမ်းစာအတွက်တော့ ကိုယ်ကျွမ်းကျင်ရာ ဈေးရောင်းရတာ ပျော်နေမိသည်။ အနာဂတ်ကိုတွေးပြီး မပူသလို အတိတ်ကိုပြန်စဉ်းစားပြီး ကြေကွဲဝမ်းနည်းရန် မစဉ်းစားခဲ့တာကြာပြီဖြစ်သည်။ ယခု လက်ရှိအနေအထားမှာပဲ စိတ်ကိုပျော်ရွှင်အောင်ထားပြီး လောဘ၊ ဒေါသ၊ မောဟနည်းနိုင်အောင်ကြိုးစားနေပြီဖြစ်၍ သူ့ဘဝကိုကျေနပ်နေပြီဖြစ်သည်။ ဈေးသည်၊ ဈေးဝယ်များဖြင့် သည်လိုလေးဖြတ်သန်းရသည့်ဘဝလေးကို ပျော်မွေ့မိသည်။ အပူကင်းသည်ဟုထင်မိသည်။ ဘာမှ မလှုပ်ရှားဘဲနေလျှင် လူကရှင်လျက်နှင့်သေနေသည်ဟုထင်မိသည်။ အရွယ်ကျနေပြီဖြစ်သော်လည်း အကျိုးပေးကလက်လှုပ်မှ ပါးစပ်လှုပ်ရမည့် အနေအထားမဟုတ်ပါလား။ အရာအားလုံးကို အပြစ်မမြင်ဘဲ ကိုယ့်ကံတရားဟု သတ်မှတ်လိုက်တော့ စိတ်ထဲအေးချမ်းသွားတာအမှန်ပင်ဖြစ်သည်။

"ခရမ်းချဉ်သီးတွေ လတ်တယ်ဝေ့။ ဝယ်သွားကြအုံး"

(၄)

"ကြီးမယ်ချိုရယ် ပင်ပန်းလှပေါ့။ သားတော်မောင်က ဘာမှမပို့ဘူးလား။ အိမ်ထောင်ကျတဲ့သမီးလဲလာမကြည့်ဘူးနော်။ အိမ်က သားကြီး အရက်သမားကတော့ ပုံမှန်သောက်နေရ ကျေနပ်နေပြီလား"

သူ့ကို သနား၍ ပြောကြသည်။ ကရုဏာသက်လို့မေးကြသည်။ သားသမီးများကို အပြစ်တင်နေကြသည်။ ကြီးမယ်ချို ပြုံး၍သာနေတော့သည်။ ဘာမှပြန်မပြောတော့ပေ။ လူရယ်လို့ဖြစ်လာလျှင် ကံစီမံရာသွားကြရမည်။ ကုသိုလ် အကျိုးပေးအတိုင်း နေရမည်။ အတိတ်ဝဋ်ကြွေးပါလျှင် ပေးဆပ်ရမည်ဟု မှတ်ယူထားသည်မို့ ယခုဘဝနေသားကျနေပြီဖြစ်သည်။ မရနိုင်သည်ကို မျှော်လင့်မိလျှင် ပိုပင်ပန်းမည်မို့ သားသမီးသုံးယောက်ဆီက ဘာမှမတောင်းတခဲ့ပေ။ မိဘတို့ဝတ္တရား တာဝန်ကျေခဲ့ပြီမို့ လိပ်ပြာသန့်စွာနေနိုင်ပြီဖြစ်သည်။

ကျန်းမာနေသရွေ့ ဈေးရောင်းမည်။ တတ်နိုင်သလောက်စုမည်။ ခွဲတာစားမည်။ ဖောင်တော်ဦးဘုရားပွဲတော်ကြီးမှာ နှစ်စဉ် ရွှေသင်္ကန်းကပ်ပြီးကုသိုလ်ဒါနလုပ်မည်။

အိမ်ရောက်လျှင် တရားဘာဝနာပွား၍နောက်ဘဝအတွက် ဖြူစင်သည့်ရိက္ခာထုပ်ကိုယူပြီး အဖန်တစ်ရာမက ကျင်လည်ခံစားနေရမည့် ဖြစ်လေရာဘဝများတွင် ကုသိုလ်ပြုရသူဖြစ်ရပါစေဟု ဆုတောင်းမိသည်။ ဗုဒ္ဓဘာသာဝင်ပီပီ နိဗ္ဗာန်မရောက်ခင်စပ်ကြားကျင်လည်ရမည့် ဘဝအများကြီးမို့ စိတ်နှလုံးရွှင်ပြုံးစွာယခုဘဝမှာကတည်းက ကြီးမယ်ချို နေတတ်ပြီဖြစ်သည်။

"ခရမ်းချဉ်သီးတွေ လတ်တယ်နော်။ ကန်စွန်းရွက်တွေလဲ ပေါမှပေါ။ ခရမ်းသီးတွေ ယူကြအုံးလေ။ ဘူးသီးတွေလဲ နုမှနုဝေ့"

အပြုံးချိုချို၊ စကားချိုချို ကြီးမယ်ချို အသက်အရွယ်အရ အားလုံးသိနေပြီမို့ လူ့ဘဝခဏသာ နေပျော်ခဲ့ပြီဖြစ်သည်ဟု စိတ်ထဲကပြောလိုက်မိသည်။ ဈေးသွား၊ ဈေးလာ ဈေးဝယ်သူများက ကြီးမယ်ချို၏ အသံလေးကို စိတ်ဝင်စား၍ အလုအယက် အားပေးကြသည်။ အသံကလေးလည်း ချိုသလို၊ အသက်ကြီးဈေးရောင်းသမားမို့ သနားကရုဏာသက်၍လည်း အားပေးကြတာများသည်။

(၅)

"ကုန်ပစ္စည်း ကုန်ပြီလားဝေ့"

"ဒီမှာ နည်းနည်းကျန်သေးတယ်။ ငါးတွေက မကုန်သေးဘူးလေ။ ဟယ် ကြီးမယ်ချိုရှေ့ ဘာမှမရှိတော့ဘူး။ ရောင်းကောင်းတယ်ကော"

"ခုနကမှ ကုန်သွားတာ မယ်အိရေ။ နင့် ကုန်ကျန်တာခွဲပေး။ ကူရောင်းပေးမယ်"

"ကျေးဇူးပါ ကြီးမယ်ချိုရေ"

ဘဝတူ ဈေးသည်များကိုလည်း တတ်နိုင်သည့်ဖက်က ကူညီပေး၍ ကြီးမယ်ချိုက အားလုံး၏ ချစ်ခင်ခြင်းကို လိုချင်မိသည်။

သူ့ကြောင့် နံနက်ခင်းက နောက်ကျ၍ စိတ်ဆိုးကြတာ ကြီးမယ်ချိုသိသည်။ သို့သော် ဇရာကသူတို့လို မတက်ကြွတော့ဘူး။ စိတ်ဆိုးနေသည့် အမြင်လေးများ အသွင်ပြောင်းပြီး ကျေးဇူးပဲ ကြီးမယ်ချိုဟုပြောသည့် စကားလေးကိုကြားရတော့ စိတ်ထဲကြည်နူးမိသည်။ နံနက်ခင်းက သူတို့မစောင့်လျှင်လည်း ကြီးမယ်ချို သွားရန်၊ လာရန် ဒုက္ခရောက်နိုင်သည် မဟုတ်ပါလား။

"စိတ်မဆိုးပါနဲ့ မိန်းကလေးတို့ရေ။ ကြီးမယ်ချိုလဲ အရင်တုန်းက တက်ကြွတဲ့အရွယ်မှာ အသက်ကြီး ဈေးသည်ပါရင် စိတ်အလိုမကျဖြစ်ခဲ့ဖူးတာမို့ နားလည်ပါတယ်ကွယ်။ အခုချိန်မှာ အသက်ကြီးလာတော့ သမီးတို့ရဲ့ စိတ်ကိုပိုပြီးနားလည်လာပြီမို့ မလွန်ဆန်နိုင်တဲ့အရွယ်တွေက တဖြည်းဖြည်းပြောင်းလဲလာကြပြီမို့ နောက်ပိုင်းလဲ သမီးတို့အားလုံး ကြီးမယ်ချိုလို အရွယ်မျိုး၊ ခံစားမှုမျိုး ရောက်လာကြမှာပါ"

ဘဝတူဈေးသည်လေးများကို စိတ်ထဲက တောင်းပန်ရင်း သူတို့လက်ကျန် ကုန်စိမ်းလေးများကို ရောင်းပေးသည်။ စိတ်ကြည်နူးနေမိသည်။ သည်ချိန်မှာလည်း ကြီးမယ်ချို ပြုံးပြုံးလေးနေမိ၏။ ဈေးရောင်းရင်း သံသရာခရီးကို ဖြတ်သန်းရတာ နေပျော်နေပါပြီဟု စိတ်ထဲက တွေးထားတာကြာပြီဖြစ်သည်။

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၅၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကြက်သွန်နီ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၁၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၈၁ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၈၃၂ ဧက ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၂၀၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၈၁ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၁၃၆ ဧက စုစုပေါင်း ဧက၂၅၂၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စကားချိုသာ ပြောဆိုပါ

- ကြမ်းတမ်းစွာ ဆိုစကား
  ပယ်ရှောင်ရှား သိမ်မွေ့စေ၊
  အမှန်ကို ချစ်မြတ်နိုး
  ရိုးသားမှုဝေ၊
  ကြိုးစားခြင်း မှတ်တိုင်တွေ
  သန့်ရှင်းနေ ကိုယ် စိတ်မွေး၊
  အများကို အကျိုးပြုလို့
  ကောင်းမှုသာတွေး။

- တန်ဖိုးဝင် မြယဉ်ကျေး
  သာယာအေး စိတ်အကြံ၊
  အကျိုးဆောင် အများတွက်
  သွက်လက်သဏ္ဌာန်၊
  ဦးဆောင်မှု ထမ်းရွက်မှန်
  လမ်းဖြောင့်ရန် နှလုံးသွင်း၊
  လွယ်ကူစွာ အခက်ခဲကို
  ဆင်နွှဲဖြေရှင်း။

- ပတ်ဝန်းကျင် ကောင်းသတင်း
  ဆောင်ယူနှင်း အမြဲသာ၊
  ပြစ်မဆို လမ်းမှန်ပြ
  သုခပေးကာ၊
  ပညာရှိ တန်ဖိုးဟာ
  မွန်မြတ်စွာ ဂုဏ်လည်းရှိ၊
  အတ္တတွေ ဖယ်ကြဉ်ရှား
  ကြိုးစားသင့်၏။ ။

**ဖြိုးထက်(ရေစကြို)**

# တနိုင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

**တနိုင်း မတ် ၁၅**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ တနိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရွာသစ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကုမ္ပဏီ တာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီရေးအလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ရွာသစ်ကုန်းကျေးရွာ၌ လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် သဲကျောက်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ် လမ်းဖောက် လုပ်ခြင်း၊ အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၄ ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် အရှည် ခြောက်ပေ၊ အကျယ် ပေ ၂၀၊ အမြင့် ခြောက်ပေရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉၃ ဒသမ ၄၄ သန်းဖြင့် ရွှေကချင်ကုမ္ပဏီက ၂၀၂၃ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ညွန့်ထံမှ သိရသည်။

**ချစ်ဦးကို**



# ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးပေါခုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးပေါခုံကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

ကျေးပေါခုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ပြည်သူထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၅သိန်းအသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# သန်လျင်မြို့နယ် ဒေးဇတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေးဇတ်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ဒေးဇတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၅၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒေးဇတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# သမိုင်းအစဉ်အလာကြီးမားစွာရပ်တည်ခဲ့သော မြန်မာ့တပ်မတော်

ကိုယဉ်ချစ်(မန္တလေး)

မြန်မာနိုင်ငံကိုနယ်ချဲ့အင်္ဂလိပ်တို့က ၁၈၂၄ ခုနှစ်တွင်ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ်စုစုပေါင်း မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မြန်မာဘုရင်သီပေါမင်းနှင့် မိဖုရားတို့ကို အိန္ဒိယနိုင်ငံသို့ဖမ်းဆီးခေါ်ဆောင်သွားပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံတစ်ခုလုံးကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းလိုက်ပြီဖြစ်ကြောင်းကြေညာခဲ့သဖြင့် မြန်မာတိုင်းရင်းသားအားလုံး နယ်ချဲ့ဗြိတိသျှလက်အောက်ကျွန်သပေါက်ဘဝသို့ရောက်ခဲ့ရသည်။

သူ့ကျွန်ဘဝသို့ကျရောက်ချိန်မှစ၍ တောင်ပေါ်မြေပြန့်တွင်နေထိုင်ကြသည့် မျိုးချစ်တိုင်းရင်းသားများသည် နယ်ချဲ့ဗြိတိသျှတို့ကို ရရာလက်နက်စွဲကိုင်ကာ နေရာအနှံ့မှ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်မှစတင်၍ မော်လမြိုင်မြို့၌သာသနာ့ရေးအသင်း၊ မြင်းခြံမြို့၌ ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးမြို့၌ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းစသည့် ဘာသာရေးကို အခြေခံသည့် အသင်းအဖွဲ့များပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ကျင်းပသည့် ဝိုင်အမ်ဘီအေ၏ ဆဋ္ဌမအကြိမ်ကွန်ဖရင့်က နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်ဖြင့်ဝိုင်အမ်ဘီအေအစား ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဟု အမည်သစ်ဖြင့်ပြောင်းလဲဖွဲ့စည်းလိုက်ပြီး နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များကို မြှင့်တင်ပေးနိုင်ခဲ့ကြသည်။

၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့ရာ ကမ္ဘာစစ်တွင်ပါဝင်သည့် နယ်ချဲ့အင်္ဂလိပ်တို့ အကျပ်အတည်းများကြုံကြသည်။ အင်္ဂလိပ်အခက်ဗမာ့အချက်ဟူသည့် အခွင့်ကောင်းကိုယူကာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် နိုင်ငံခြားအကူအညီရှာဖွေကြသည်။ ဂျပန်တို့ထံမှ အကူအညီရသဖြင့် ၁၉၄၁ ခုနှစ် ဩဂုတ်လတွင် သခင်အောင်ဆန်းအပါအဝင် လူငယ်ဦးရေ ၃၀ တို့ စစ်ပညာသင်ကြားကြသည်။ အဆိုပါလူငယ်ဦးရေ ၃၀ မှာနောင်တွင် ရဲဘော်သုံးကျိပ်ဟု သမိုင်းတင်ခဲ့သည်။

ရဲဘော်သုံးကျိပ်သည် သင်တန်းပြီးဆုံးသည့် ၁၉၄၁ ခုနှစ်အောက်တိုဘာလတွင် ဂျပန်တပ်များနှင့်အတူ ဗန်ကောက်မြို့မှ မြန်မာပြည်သို့ ချီတက်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ရဲဘော်သုံးကျိပ်နှင့်အတူ မြန်မာမျိုးချစ်လူငယ်ဦးရေ ၂၀၀ ကျော်ကိုစုစည်းကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဖွဲ့စည်းလိုက်သည်။ ဖွဲ့စည်းပြီးသော ဗမာ့တပ်မတော်ကြီးကို ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံအားပေးခဲ့ကြသဖြင့် အင်အား ၃၀၀၀၀ မှ ၅၀၀၀၀ ထိတိုးတက်များပြားခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဗမာ့တပ်မတော်သည် စစ်ကြောင်းလေးကြောင်းခွဲ၍ မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ကာ ထားဝယ်၊ မော်လမြိုင်နှင့် ဘားအံမြို့များကို သိမ်းယူနိုင်ခဲ့သည်။ လျင်မြန်စွာ ထိုးစစ်ဆင်နွှဲလာသော ဘီအိုင်အေတပ်များကို အင်္ဂလိပ်တို့မခုခံနိုင်ဘဲ စစ်တောင်းတံတားတိုက်ပွဲတွင်များစွာ အထိနာခဲ့သည်။ စစ်တောင်းတံတားတိုက်ပွဲအပြီးတွင် ပဲခူးမြို့နှင့်ရန်ကုန်မြို့များကိုပါ ဆက်လက်သိမ်းပိုက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးမှ နယ်ချဲ့အင်္ဂလိပ်တပ်များကိုလည်း ဗမာ့တပ်မတော်က တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။

ဂျပန်တို့သည် ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ကို အင်အား ၃၀၀၀သို့ လျှော့ချပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)ဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၃ခုနှစ် ဩဂုတ် ၁ ရက်တွင် ဂျပန်တို့က လွတ်လပ်ရေးပေးသည်။ ၁၉၄၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဗမာ့အမျိုးသားတပ်မတော် (BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော်(PBF)နှင့် စက်တင်ဘာလတွင် ဗမာ့တပ်မတော် (Burma Army)အဖြစ် အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဖက်ဆစ်ဂျပန်တို့ပေးသော လွတ်လပ်ရေးသည် အတုအယောင်သာဖြစ်ပြီး တိုင်းရင်းသားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်အုပ်ချုပ်ခဲ့သဖြင့် ဗမာ့အမျိုးသားတပ်မတော်နှင့် မျိုးချစ်ပြည်သူများစုပေါင်း၍ မြေအောက်တော်လှန်ရေးလှုပ်ရှားမှုများ စတင်ဆောင်ရွက်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် မေ ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ ဖက်ဆစ်ဂျပန်တို့ကို တစ်ပြိုင်တည်းတော်လှန်ရန် သတ်မှတ်ထားသော်လည်း အခြေအနေအရပ်ရပ်ကြောင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများ ပူးပေါင်းလက်တွဲကာ ဖက်ဆစ်ဂျပန်တို့ကို စတင်တိုက်ထုတ်ခဲ့သည်။ ထိုသို့ ဖက်ဆစ်ဂျပန်တို့ကို စတင်တိုက်ထုတ်သည့်နေ့ကို အလေးအမြတ်ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်နေ့အဖြစ်သတ်မှတ်၍ တပ်မတော်နေ့အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များချမှတ်ကာ နှစ်စဉ်ကျင်းပခဲ့သည်။

**❖ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် တပ်မတော်များဖွဲ့စည်းတည်ထောင်ထားကြသည်။ သို့ရာတွင် တပ်မတော်များပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့်ခံယူချက်များ မတူညီကြပါ။ မြန်မာ့တပ်မတော်သည် သူ့ကျွန်ဘဝမှ လွတ်လပ်ရေးရရှိအောင် သမိုင်းအစဉ်အလာကြီးမားစွာဖြင့် တည်ထောင်ခဲ့သော တိုင်းရင်းသားလူမျိုးများဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမျိုးချစ်တပ်မတော်ကြီးဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အသက်နှင့်ခန္ဓာကိုအပ်နှင်းထားသော တိုင်းရင်းသားပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထားသည့်လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော မျိုးချစ်တပ်မတော်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း နှစ်ပေါင်း ၁၀၀ ကျော်အုပ်ချုပ်သွားခဲ့သည့် နယ်ချဲ့တို့၏ အကွက်ချစီမံခဲ့မှုများကြောင့် ရာသက်ပန်အတူတကွလက်တွဲနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများသည် လက်နက်စွဲကိုင်ပုန်ကန်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး တိုင်းရင်းသားပြည်သူများစည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ကြရမည့်အစား လက်နက်ကိုင်သောင်းကျန်းမှုများကို နှိမ်နင်းနေရပြန်သဖြင့် တိုင်းပြည်၏အနာဂတ်ခရီးသည် ရှေ့သို့ခရီးမပေါက်ခဲ့ပေ။ တိုင်းပြည်အခြေအနေမှာလည်း ၁၉၄၉ ခုနှစ်ခန့်တွင် ရန်ကုန်အစိုးရဟုပင် လှောင်ပြောင်ခေါ်ဆိုခံရသည့် အခြေအနေရောက်ခဲ့သည်။

ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းနေစဉ်မှာပင် တရုတ်ဖြူ(ကူမင်တန်) နှင့် မူဂျာဟစ်ကုလားဆိုးတို့၏ကျူးကျော်မှုများ ပေါ်ပေါက်လာသဖြင့်တပ်မတော်အနေဖြင့် ပြည်ပကျူးကျော်မှုများကိုလည်း နှိမ်နင်းတိုက်ထုတ်ခဲ့ရသည်။ လွတ်လပ်ပြီး ၁၀ နှစ်ကာလဖြစ်သည့် ၁၉၅၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကျပ်အတည်းများကို ဝင်ရောက်ဖြေရှင်းခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းနိုင်ငံရေးအခြေအနေများကြောင့် တပ်မတော်အနေဖြင့်သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကြီးကိုကျရောက်မည့်ဘေးအန္တရာယ်မှကယ်တင်ခဲ့ရသည်။ အလားတူ ၁၉၈၈ ခုနှစ်တွင်ပါတီစုံဒီမိုကရေစီတောင်းဆိုမှုနှင့်အတူ ဆူပူဆန္ဒပြမှုများပြင်းထန်ခဲ့ပြီး အစိုးရပြိုကွဲသည်ထိ ဖြစ်ပေါ်ခဲ့သည့်အခြေအနေမှ တပ်မတော်သည်ကယ်တင်ခဲ့ရပြန်သည်။ တပ်မတော်သည် တိုင်းပြည်နှင့်တိုင်းရင်းသားပြည်သူများအတွက် အရေးကြုံတိုင်းသက်လုံကောင်းကောင်းဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် ပြည်သူများ၏လိုအင်ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေခံအုတ်မြစ်များချမှတ်ပေးခဲ့သည်။ ဒီမိုကရေစီစနစ်တွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ် )နှင့်အညီ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပြီး အနိုင်ရရှိသည့်ပါတီထံသို့ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို အဆင်ပြေချောမွေ့စွာ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူများ တစ်ခဲနက်အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ တပ်မတော်ဆိုင်ရာပြဋ္ဌာန်းချက်များကို ဦးလည်မသုန်လိုက်နာဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ် ) ပုဒ်မ ၂၀(စ) တွင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟုပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လိုက်နာဆောင်ရွက်နေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့သည် ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ထွက်လာသည့်အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။

တပ်မတော်နှင့်တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်၊ သွေး၊ ချွေးများပေးဆပ်နေရသူများဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကိုအလိုလားဆုံး အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များဖြစ်ကြသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ယခင် NLD အစိုးရ၏ ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာသောနည်းလမ်းဖြင့် အဓမ္မကြိုးပမ်းခဲ့မှုအပေါ် တားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရအရေးပေါ်အခြေအနေကိုကြေညာပြီး နိုင်ငံတော်အာဏာထိန်းခဲ့ရသည်။ ဤဖြစ်စဉ်နှင့်အတူအစပိုင်းတွင် ဆန္ဒထုတ်ဖော်မှုများသာ ဖြစ်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြားနေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်မှုများသည် နိုင်ငံတော်နှင့်အမျိုးသားအကျိုးစီးပွားများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပေသည်။ တပ်မတော်အနေဖြင့် လက်ရှိအခြေအနေများကို ဖြေရှင်းဆောင်ရွက်နေရသကဲ့သို့ အမျိုးသားရေးရည်မှန်းချက်များဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးရည်မှန်းချက်များဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များကိုလည်းတပ်မတော်အနေဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားမည်ဖြစ်သည်။ တပ်မတော်က ဆောင်ရွက်နေရသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အရေးကိစ္စများသည် နက်နဲကျယ်ဝန်းလှသည့် လုပ်ငန်းစဉ်များဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် တပ်မတော်များ ဖွဲ့စည်းတည်ထောင်ထားကြသည်။ သို့ရာတွင် တပ်မတော်များပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် ခံယူချက်များမတူညီကြပါ။ မြန်မာ့တပ်မတော်သည် သူ့ကျွန်ဘဝမှ လွတ်လပ်ရေးရရှိအောင် သမိုင်းအစဉ်အလာကြီးမားစွာဖြင့်တည်ထောင်ခဲ့သော တိုင်းရင်းသားလူမျိုးများဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမျိုးချစ်တပ်မတော်ကြီးဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အသက်နှင့်ခန္ဓာကို အပ်နှင်းထားသော တိုင်းရင်းသားပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထားသည့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော မျိုးချစ်တပ်မတော်ဖြစ်သည်။

မြန်မာ့တပ်မတော်၏ သက်တမ်းသည် ၇၉ နှစ်ပြည့်မြောက်ပေပြီ။ တပ်မတော်နေ့များကို နှစ်စဉ်ဦးတည်ချက်များချမှတ်ကာ ကျင်းပခဲ့သည်။ ၂၀၂၄ ခုနှစ် ၇၉ နှစ်မြောက် တပ်မတော်နေ့ကိုလည်း ဦးတည်ချက်လေးရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ပေသည်။ မြန်မာ့တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ အမျိုးသားရေးကိုဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်တွင်အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ကာကွယ်စောင့်ရှောက်ခဲ့သည်။ သမိုင်းအစဉ်အလာကြီးမားစွာရပ်တည်ခဲ့သော မြန်မာ့တပ်မတော်ကြီးသည် ကမ္ဘာတည်သရွေ့တိုးတက်ရှင်သန်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများကို သယ်ပိုးပေးနိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **၂၇-၃-၂၀၂၀ရက်နေ့၊ ၂၇-၃-၂၀၂၃ ရက်နေ့နှင့်၂၈-၃-၂၀၂၃ရက်နေ့ထုတ် ရတနာပုံသတင်းစာများ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက အုန်းသီးအလုံးရေ ၄၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက အုန်းသီးအလုံးရေ ၄၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အုန်းသီးအလုံးရေ ၃၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ အုန်းသီးအလုံးရေ ၄၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့်အုန်းသီးများမှာ အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေအပြင် ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်းက အုန်းသီးအလုံးရေ ၄၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိဒေသထွက်ကုန်အုန်းသီးတွေ ဝယ်လိုအားကောင်းနေတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေတယ်လို့သိရပါတယ်။ လက်ရှိအုန်းသီးဈေးကလ စိုက်ပျိုးသူတွေ အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနုဟူ၍ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်းလာခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးစွေကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ပြည့်မွန်နှင့် ဝန်ထမ်းများက မိုးစွေကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မိုးစွေကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ငွေကျပ် ၄၄ ဒသမ ၃ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မိုးစွေကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၃ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၄၂၃၆ ဧက နုတ်သိမ်းပြီးစီး

**ကျွန်းလှ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၂၃၆ ဧက နုတ်သိမ်းပြီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၄၂၃၆ ဧက ကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၄၂၃၆ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက် ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်းနဲ့ ဆီမုန်ညင်းတွေ စိုက်ပျိုးပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ မြေပဲ ၁၄၂၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာအသိပညာပေးပွဲများဆောင်ရွက်ပေးခဲ့ပြီး ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၂၀၆)



# လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကြာအင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးချရန်နှင့် ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြာအင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေစင်အောက်ခန်းပွဲခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေကျပ် ၂၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကော်မတီ စုဖွဲ့မှုဖြင့် ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ ကြာအင်းကျေးရွာရှိ အိမ်ခြေ ၅၂၀၊ လူဦးရေ ၃၁၅၀ အတွက် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ချောက်မြို့နယ် တွင်းဖြူရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် မတ် ၁၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုကျေးရွာအုပ်စု တွင်းဖြူရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်နေသည့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တွင်းဖြူရိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့်စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှုများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေထုတ်ချေးထားမှုရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွင်းဖြူရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ချောက်မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်ထံမှ သိရသည်။

**အိမိုးမိုး**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# မျှတမှုကိုရှေးရှု စားသုံးသူကိုလေးစားဂရုပြု

နုခန့်ယဉ်(ရစ်ကန်ကြီး)

ကမ္ဘာလောကကြီးတွင် အသက်ရှင်နေထိုင်ရေးအတွက် စားသုံးမှုကို လူသားတိုင်း ပြုလုပ်ကြရသည်။ ထိုသို့စားသုံးမှုပြုလုပ်ရန်အတွက် ထုတ်လုပ်မှုကဏ္ဍလည်းရှိရပေသည်။ ထို့ကြောင့် ထုတ်လုပ်သူနှင့်စားသုံးသူဟူ၍ နှစ်မျိုးနှစ်စားဖြစ်တည်လာပြီး ရောင်းသူနှင့် ဝယ်သူဟူ၍ခေါ် ဆိုကြသည်။ ထုတ်လုပ်သူနှင့်စားသုံးသူနှစ်ဦးစလုံးသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အပြန်အလှန် ဝယ်ယူအသုံးပြုကြရခြင်းဖြစ်သည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများလဲလှယ်ရောင်းချရာမှ ဈေးကွက်ဟူသောနေရာတစ်ခု ဖြစ်တည်လာရသည်။ ဈေးကွက်အတွင်းတွင် ဝယ်လိုအားနှင့်ရောင်းလိုအားတို့သည် ဝယ်ယူသူ(စားသုံးသူ)အပေါ် မှီတည်၍ ပြောင်းလဲမှုရှိသည်။ ထုတ်လုပ်ရောင်းချသူတို့သည် ဈေးကွက်အတွင်းတွင် မိမိကုန်စည်အပေါ် စားသုံးသူတို့ စိတ်ဝင်စားမှုဖြစ်ပေါ် လာရန်၊ ဝယ်လိုအားကောင်းမွန်လာရန်အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ကြသည်။ ဝယ်ယူသူ(စားသုံးသူ)များကလည်း မိမိတို့လိုအင်ဆန္ဒကိုအများဆုံးဖြည့်ဆည်းနိုင်ပြီး စိတ်ကျေနပ်မှုအများဆုံးပေးနိုင်သော ကုန်ပစ္စည်းများကိုသာ ဝယ်ယူကြသည်။

**စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်**

စီးပွားရေးလုပ်ငန်းရှင်(ထုတ်လုပ်သူ)ဆိုသည်မှာ ကုန်စည်ကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်း၊ ပံ့ပိုးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းတို့ကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း ဆောင်ရွက်သူကိုဆိုလိုသည်။

ဘောဂဗေဒနည်းအရ စီးပွားရေးဈေးကွက်တွင် ရောင်းသူနှင့်ဝယ်သူ တစ်နည်းအားဖြင့် ထုတ်လုပ်သူနှင့်ရောင်းချသူတို့တွေ့ဆုံကြပြီး နှစ်ဦးနှစ်ဖက်သဘောတူကျေနပ်သည့် အခြေအနေတစ်ရပ်တွင် အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်သည်။ အရောင်းအဝယ်ပြုလုပ်ရာတွင် ထုတ်လုပ်ရောင်းချသူနှင့်စားသုံးသူတို့အကြား စိတ်ကျေနပ်မှုရရှိစေသည့် ကုန်စည်နှင့်ဝန်ဆောင်မှုကိုသာ ငွေကြေးနှင့်လဲလှယ်ကြရခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးဈေးကွက်တည်မြဲနေရန် လိုအပ်သည်။ စီးပွားရေးဈေးကွက်တည်မြဲရန်အတွက် စားသုံးသူများ၏ဝယ်လိုအားကောင်းမွန်နေရပါမည်။ စားသုံးသူတို့၏ဝယ်လိုအားကောင်းမွန်ရန်အတွက် ထုတ်လုပ်သူများသည် စားသုံးသူများ၏ကြိုက်နှစ်သက်မှု၊ ယုံကြည်မှု၊ ကုန်စည်အပေါ် စိတ်ဝင်စားမှုတို့ကို လေ့လာသိရှိရန်အရေးကြီးသည်။

စားသုံးသူတို့၏ ကြိုက်နှစ်သက်မှုရရှိရန်အတွက် ထုတ်လုပ်သူများ၏ကုန်စည်များသည် သန့်ရှင်းသပ်ရပ်ရန်လိုအပ်ပါသည်။ လူတိုင်းသည် သန့်ရှင်းသပ်ရပ်မှုကိုလိုလားကြသည်။ လှပသေသပ်မှုကို မြတ်နိုးခုံမင်ကြသည်ဟူသောအချက်ကို ထုတ်လုပ်သူများသိရှိထားရမည်။ ထို့ကြောင့် ကုန်စည်များကို ထုပ်ပိုးသည့်ပုံစံကို အကောင်းဆုံးစီမံဆောင်ရွက်ကြရမည်။ ထုတ်လုပ်သူတို့၏ကုန်စည်များသည် ဖော်ပြပါရှိသောကြော်ငြာအချက်အလက်များနှင့် စံနှုန်းကိုက်ညီမှုရှိရမည်။ သို့မှသာ စားသုံးသူများက ယုံကြည်စွာဝယ်ယူအသုံးပြုပေမည်။ ထုတ်လုပ်သူများရောင်းချသော ကုန်စည်များသည် လူတန်းစားအလွှာအသီးသီးနှင့်ကိုက်ညီသော ဈေးနှုန်း၊ စံနှုန်းရှိမှသာလျှင် စားသုံးသူတို့၏စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော စားသုံးသူကာကွယ်ရေးဥပဒေတွင် စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များကို အောက်ပါအတိုင်း ဖော်ပြပါရှိထားသည်။

- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏အာမခံချက်၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊
- စားသုံးသူကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊
- စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ခြင်း၊
- ကုန်သွယ်မှုပြုရန်နှင့် ထုတ်လုပ်မှုပြုရန်အလို့ငှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့်အရည်အသွေး စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊

❖ စားသုံးသူသည် အခြားတစ်ဖက်တွင် ထုတ်လုပ်သူလုပ်ငန်းရှင်ဖြစ်၍ ထုတ်လုပ်သူသည်လည်း အခြားတစ်ဖက်တွင် စားသုံးသူဖြစ်သည်ကို နားလည်သဘောပေါက်ကြရမည်။ လူသားတိုင်းသည် စားသုံးသူဖြစ်သည်ကို မမေ့မလျော့ဘဲ ထုတ်လုပ်ရောင်းချသူများအနေဖြင့် စားသုံးသူများအပေါ် စာနာနားလည်မှုရှိစွာ မျှတသည့်အတွေးဖြင့် ကုန်စည်များကိုရောင်းချကြရမည်ဖြစ်သည်။ ထို့ကြောင့် တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရှိသော စံနှုန်းကိုက်ညီသည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကိုသာ စားသုံးသူများလက်ထဲသို့ရောင်းချရန် ကုန်ထုတ်လုပ်မှုကို စံချိန်မီထုတ်လုပ်သင့်ပေသည်။ ❖

- အရည်အသွေးစမ်းသပ်ရန် လိုအပ်သောကုန်စည်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းမပြုမီ စားသုံးသူများကို စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံပေးချေရမည့်တန်ဖိုးကို စားသုံးသူက ဝယ်ယူအသုံးမပြုမီ သိရှိစေရန်အတိအလင်းဖော်ပြပေးခြင်း၊
- စားသုံးသူနစ်နာဆုံးရှုံးမှုဖြစ်ပွားစေမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သွယ်ဝိုက်ရောင်းချခြင်းကိုရှောင်ကြဉ်ခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကတိပြုထားသောအာမခံချက်နှင့် ကိုက်ညီမှုမရှိပါက ကတိပြုထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊
- အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန်ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့်ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊
- ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုအရသော်လည်းကောင်း သိရှိလျှင် အဆိုပါအကြောင်းအရာအား ဦးစီးဌာနနှင့်စားသုံးသူများထံ အချိန်မီသိရှိနိုင်စေရန် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ အသိပေးခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိစ္စရပ်များဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာကော်မတီ၏ ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် ဆုံးဖြတ်ချက်ကို အလေးထားလိုက်နာဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**စားသုံးသူအခွင့်အရေး**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုလုပ်ရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားခြင်းပြုလုပ်သူများ သို့မဟုတ် ပေးကမ်းပံ့ပိုးခြင်းခံရသူများကို စားသုံးသူများဟုဆိုလိုခြင်းဖြစ်သည်။ စားသုံးသူများတွင် လိုအင်ဆန္ဒအမျိုးမျိုးရှိကြသော်လည်း မိမိတို့ပိုင်ဆိုင်သောငွေကြေးပမာဏဖြင့်သာ စိတ်ကျေနပ်မှုအများဆုံးရရှိရန် ကုန်စည်နှင့် ဝန်ဆောင်မှုများကိုဝယ်ယူ၍ လိုအင်ဆန္ဒအများဆုံးကို ဖြည့်ဆည်းကြရခြင်းဖြစ်သည်။

စီးပွားရေးအဆောက်အအုံတစ်ခုကို လေ့လာကြည့်လျှင် စားသုံးသူများသည် တစ်ဖက်တွင် ကုန်ထုတ်အင်အားစုများကိုရောင်းချသူဖြစ်ပြီး ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း အခြားတစ်ဖက်တွင် ကုန်ထုတ်စွမ်းအားစုများကို ဝယ်ယူသူများပင်ဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်သူနှင့်စားသုံးသူတို့အကြားတွင် အပြန်အလှန်ဆက်နွယ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည်မှာ မငြင်းပယ်နိုင်သောအချက်တစ်ချက်ပင်ဖြစ်သည်။ ကုန်ထုတ်လုပ်သူများသည် စားသုံးသူများ၏အခွင့်အရေးကို ဦးစားပေး၍ ထုတ်ကုန်များကိုထုတ်လုပ်ကြရမည်သာဖြစ်သည်။ မိမိထုတ်ကုန်ရောင်းလိုအားတိုးပွားမှုထက် စားသုံးသူများ၏လိုအပ်ချက်နှင့်ညီညွတ်ရန် ထုတ်လုပ်၍ မျှတသောဝန်ဆောင်မှုကို ပြုလုပ်ပေးရန်လိုအပ်ပါသည်။ ဘက်ညီလည်ပတ်မှုရှိမှသာ စီးပွားရေးအဆောက်အအုံတည်မြဲ၍ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်ပေလိမ့်မည်။

၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေတွင် စားသုံးသူ၏အခွင့်အရေးများကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

- စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သောသတင်းအချက်အလက်များပြည့်စုံမှန်ကန်စွာ သိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထားရယူခွင့်ရှိခြင်း၊
- ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူစိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊
- စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့်တိုင်ကြားခွင့်ရရှိနိုင်စေခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊
- ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်အသိပညာပေးဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သောအချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊
- ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသောလူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့် ရရှိစေခြင်းတို့ဖြစ်သည်။

**နည်းပညာနှင့်အခွင့်အရေး**

ယနေ့ခေတ်သည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသောနယ်ပယ်အသီးသီးတွင် တိုးတက်ပြောင်းလဲလာသောနည်းပညာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ အွန်လိုင်းစနစ်ဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အချိန်ကုန်သက်သာစွာ အလွယ်တကူရယူနိုင်ကြသည်။ ထုတ်လုပ်သူများကလည်း ကုန်စည်နှင့်ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့်ရောင်းချပြီး စားသုံးသူများထံသို့ အမြန်ချောဖြင့်ပို့ဆောင်ကြသည်။ သို့ရာတွင် နည်းပညာကိုအလွဲသုံးစားပြု၍ အချို့သောသူများသည် အတုအပများပြုလုပ်လာကြသည်။ စာသုံးသူများအပေါ် သွယ်ဝိုက်သောနည်းအားဖြင့် လိမ်လည်မှုကျူးလွန်ကြသည်ကိုလည်း တွေ့ကြရသည်။ ထုတ်လုပ်သူတို့ကြော်ငြာထားသောစံနှုန်းများနှင့်မကိုက်ညီဘဲ ခေါင်းပုံဖြတ်သည့်အခြေအနေဆိုးများဖြင့် စားသုံးသူများ၏အခွင့်အရေးကို ချိုးဖောက်နေကြသည်ကို အွန်လိုင်းမျက်နှာစာများတွင် တွေ့မြင်ရသည်မှာ အလွန်ပင်အကျည်းတန်ပေသည်။

ခေတ်မီပြောင်းလဲလာသည်နှင့်အမျှ Artificial intelligence(AI) ဟူသောဉာဏ်ရည်တုနည်းပညာများသည် အွန်လိုင်းကဏ္ဍတွင် အလျှင်အမြန်ထိုးဖောက်ဝင်ရောက်လာနေပေသည်။ ထုတ်လုပ်သူများသည်AI နည်းပညာကိုအသုံးချ၍ မိမိတို့ကုန်စည်များကို အွန်လိုင်းအပလီကေးရှင်းများဖြင့် အမျိုးမျိုးကြော်ငြာလျက် စားသုံးသူများကိုဆွဲဆောင်လျက်ရှိသည်။ စားသုံးသူတို့နှစ်သက်သည့်ပုံသဏ္ဌာန်၊ အပြုအမူတို့ကိုအသုံးချလျက် ထုတ်လုပ်သူများက ကုန်စည်ရောင်းချရန် ကြိုးပမ်းလာကြသည်။ စားသုံးသူများအနေဖြင့်လည်း မိမိတို့၏အခွင့်အရေး ရွေးချယ်ပိုင်ခွင့် အပြည့်အဝရှိသည့်အလျောက် AIနည်းပညာကိုအသုံးချလျက် အတုအပကိုခွဲခြားသိမြင်နိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ထုတ်လုပ်သူများကိုလည်း စားသုံးသူများက ကျင့်ဝတ်ဆိုင်ရာဥပဒေနှင့်အညီ ကုန်စည်များကိုရောင်းချရန် ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။

**မျှတသည့်အတွေးအမြင်**


စားသုံးသူသည် အခြားတစ်ဖက်တွင် ထုတ်လုပ်သူလုပ်ငန်းရှင်ဖြစ်၍ ထုတ်လုပ်သူသည်လည်း အခြားတစ်ဖက်တွင် စားသုံးသူဖြစ်သည်ကို နားလည်သဘောပေါက်ကြရမည်။ လူသားတိုင်းသည် စားသုံးသူဖြစ်သည်ကိုမမေ့မလျော့ဘဲ ထုတ်လုပ်ရောင်းချသူများအနေဖြင့် စားသုံးသူများအပေါ် စာနာနားလည်မှုရှိစွာ မျှတသည့်အတွေးဖြင့် ကုန်စည်များကိုရောင်းချကြရမည်ဖြစ်သည်။ ထို့ကြောင့် တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်အဝရှိသော စံနှုန်းကိုက်ညီသည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကိုသာ စားသုံးသူများလက်ထဲသို့ရောင်းချရန် ကုန်ထုတ်လုပ်မှုကို စံချိန်မီထုတ်လုပ်သင့်ပေသည်။

၂၀၂၄ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ဆောင်ပုဒ်အရ AI နည်းပညာဖြင့် စားသုံးသူအခွင့်အရေးကိုကာကွယ်ရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်မည်ဖြစ်သဖြင့် ကုန်စည်ထုတ်လုပ်သူများအနေဖြင့် မျှတသောအတွေး၊ တန်းတူညီမျှခံစားခွင့်ရှိသည့်အမြင်တို့ကို ရှေ့တန်းတင်လျက် ကုန်ထုတ်လုပ်မှုများကို စံနှုန်းနှင့်အညီထုတ်လုပ်နိုင်ကြပါစေကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

- စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)

# တနင်္ဂနွေနေ့ညကစားမဲ့ အက်ဖ်အေဖလားနဲ့ အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ မန်ယူအသင်း၊ အင်တာမီလန်အသင်း၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ



တနင်္ဂနွေနေ့ညကစားမဲ့ အက်ဖ်အေဖလားပြိုင်ပွဲနဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုများနေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိနေတာကြောင့် ဥရောပပြိုင်ပွဲကစားခဲ့ရတဲ့အသင်းကြီးတွေကိုတော့ သတိထားချဉ်းကပ်ရမှာဖြစ်သလို အဓိကကစားသမားပါဝင်နိုင်မှုတွေကိုလဲ စောင့်ကြည့်သွားရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ည အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာ အဓိကကစားသမားပါဝင်ဖို့ သေချာမဲ့အသင်းတွေနဲ့ တိုက်စစ်ထက်မြက်နေတဲ့အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### မန်ယူအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ မန်ယူနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အဲဗာတန်နဲ့ပွဲမှာတော့ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အသင်းရဲ့တိုက်စစ်ကစားပုံက ပြောင်းလဲမှုရှိခဲ့ပြီး ဂါနာချိုလို လျင်မြန်မှုရှိတဲ့ကစားသမားနဲ့ အဲဗာတန်အသင်းရဲ့ခံစစ်ကို ဖိအားပေးခဲ့တာကြောင့် ပင်နယ်တီနှစ်ကြိမ်ထိရခဲ့လို့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ လီဗာပူးလိုကစားပုံနဲ့ နည်းစနစ်ပိုင်းကောင်းတဲ့အသင်းနဲ့တွေ့နေတာကြောင့် အနိုင်ရဖို့တော့ အာရုံစိုက်ပြင်ဆင်ရမှာပါ။ မန်ယူဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဝီဂန်၊ နယူးပို့စ် ၊ နော်တင်ဟမ်တို့ကိုအနိုင်ရခဲ့လို့ ကွာတားဖိုင်နယ်အဆင့်တက်ရောက်လာခဲ့ပြီး ဘရူနိုဟာနန်ဒက်စ်က အသင်းအတွက်နှစ်ဂိုးသွင်းယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာတော့ ၂၁ ကြိမ်ထိ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ၁၂ ကြိမ်ဆုဖလားရရှိခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ လူငယ်ကစားသမားတွေနဲ့စုဖွဲ့ထားတဲ့လီဗာပူးအသင်းကို ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ လက်ရှိမန်ယူအသင်းမှာ အဓိကကစားသမားကိုးယောက်ထိဒဏ်ရာရနေပေမဲ့ အရန်ကစားသမားစုဖွဲ့မှုကောင်းနေတာကြောင့် လီဗာပူးကို ပွဲချိန်ပြည့်ယှဉ်ပြိုင်ဖို့မခက်နိုင်သလို နောက်ဆုံးတွေ့ဆုံခဲ့တဲ့အမှတ်ပေးပြိုင်ပွဲမှာလဲ ဂိုးမရှိသရေကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။

လက်ရှိ လီဗာပူးအသင်းဟာ ပုံစံကောင်းရှိနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံရှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဓိကကစားသမားတွေဒဏ်ရာရနေတာကြောင့် ပြီးခဲ့တဲ့မန်စီးတီးနဲ့ အမှတ်ပေးပြိုင်ပွဲမှာလဲ ဘရက်ဒလေ၊ ကွင်ဆာ၊ အီလီးယော့တို့လိုလူငယ်တွေကိုထည့်သွင်းအသုံးပြုခဲ့ရပေမဲ့ တစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒ့ါပြင် ဖေဖော်ဝါရီ ၂၅ ရက်က ကစားခဲ့တဲ့ ကွာရာဘောင်းဖလားဗိုလ်လုပွဲမှာလဲ လူငယ်ကစားသမားအများစုနဲ့ ချဲလ်ဆီးအသင်းကိုအနိုင်ယူပြီး ဆုဖလားရရှိခဲ့တာကြောင့် လီဗာပူးရဲ့လူငယ်အစုအဖွဲ့ကလဲ လျှော့တွက်လို့မရပါဘူး။ ဒါပေမဲ့ အက်ဖ်အေဖလားသမိုင်းမှာတော့ မန်ယူအသင်းနဲ့စာရင် အတွေ့အကြုံနည်းနေပြီး ရှစ်ကြိမ်ပဲ ဆုဖလားရရှိခဲ့တာကို တွေ့ရမှာပါ။ နည်းပြကလော့ကတော့ ၄-၃-၃ ကစားကွက်နဲ့သာ ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ ကွင်းလယ်ကအယ်လစ်စတာနဲ့ အန်ဒိုတို့အတွဲက အသင်းရဲ့ခံစစ်၊ တိုက်စစ်ကို အကောင်းဆုံးပုံဖော်နေတာကြောင့် မန်ယူအသင်းအနေနဲ့ လီဗာပူးကွင်းလယ်ပိုင်းကို ထိန်းချုပ်နိုင်ရင်တော့ ရလဒ်ကောင်းမှာသေချာပါတယ်။ အခုပွဲစဉ်မှာတော့ လီဗာပူးက ဂိုးသမားအယ်လစ်ဆန်၊ ဂျိုတာ၊ ကာတစ်ဂျုန်း၊ အာနိုး၊ ရောင်ဘင်ဆန်၊ ကွန်နာတီတို့ပါဝင်မှာမဟုတ်တာကြောင့် ကစားကွက်ပိုင်းအားနည်းချက်ရှိနေမှာဖြစ်လို့ အိမ်ကွင်းအားသာချက်ရှိတဲ့ မန်ယူအသင်းကိုပဲရွေးချယ်ရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၁ | - | ၂ | မန်ယူ |
| မန်ယူ | ၁ | - | ၂ | ဖူလ်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၁ | မန်ယူ |
| မန်စီးတီး | ၃ | - | ၁ | မန်ယူ |
| မန်ယူ | ၂ | - | ၀ | အဲဗာတန် |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၁ | လီဗာပူး |
| လီဗာပူး | ၃ | - | ၀ | ဆောက်သမ်တန် |
| နော်တင်ဟမ် | ၀ | - | ၁ | လီဗာပူး |
| စပါတာပရက် | ၁ | - | ၅ | လီဗာပူး |
| လီဗာပူး | ၁ | - | ၁ | မန်စီးတီး |

### အင်တာမီလန်အသင်းနဲ့ လက်တွဲရမှာပါ

အီတလီးစီးရီးအေပွဲစဉ် (၂၉)က အကြိုက်တွေ့မိတာကတော့ အင်တာမီလန်အသင်းနဲ့ နာပိုလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အေတီကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ၁၆ သင်း အဆင့်က လှည့်ပြန်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အင်တာမီလန်ဟာ အမှတ်ပေးပြိုင်ပွဲကိုသာအာရုံစိုက်ဖို့ ပြင်ဆင်လာမှာဖြစ်ပြီး အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ လက်ရှိမှာလဲ ၂၈ ပွဲကစားအပြီးမှာ ရမှတ် ၇၅ မှတ်ရခဲ့တာကြောင့် အဆင့်(၂)က အေစီမီလန်ကို ၁၆ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့လို့ ဆုဖလားရဖို့အတွက် အခွင့်အရေးများနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အေတီကိုနဲ့မကစားမီ ပြိုင်ပွဲစုံ ၁၅ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ဥရောပထိပ်သီးကလပ်တွေထဲမှာ ရလဒ်ကောင်းတဲ့အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ အောက်ဂတ်စတို၊ ကွာရာဒို၊ အန်နာတိုဗစ်တို့ ဒဏ်ရာရနေပေမဲ့ ခံစစ်မှာ ဒမ်ဖရိုင်း၊ ဒီမာကို၊ တိုက်စစ်မှာ မားကပ်သူရမ်တို့လို အဓိကကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ အင်တာမီလန်တိုက်စစ်ပိုင်းကျဆင်းသွားမှာမဟုတ်ဘဲ နာပိုလီအသင်းကိုနိုင်ပွဲရယူနိုင်မှာပါ။

လက်ရှိချန်ပီယံနာပိုလီအသင်းကတော့ ရာသီအစကတည်းက ရလဒ်တည်ငြိမ်ဖို့ ရုန်းကန်ခဲ့ရတာကြောင့် နည်းပြအပြောင်းအလဲသုံးကြိမ်ထိပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ယာယီနည်းပြကယ်ဇိုနာလက်ထက်မှာတော့ ကစားပုံတိုးတက်လာတယ်ဆိုပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ကိုတော့ ပြင်ဆင်နိုင်ခြင်းမရှိသေးပါဘူး။ ကြားရက်က ချန်ပီယံလိဂ်ရှုံးထွက်အဆင့်မှာတော့ ဘာစီလိုနာကို သုံးဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ်လေးဂိုးနှစ်ဂိုးနဲ့ ပြိုင်ပွဲက ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၈ ပွဲကစားအပြီးမှာ ရမှတ် ၄၄ မှတ်ထိရခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် မျှော်လင့်ချက်ရှိနေသေးတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အခုပွဲစဉ်မှာ အင်တာမီလန်လို တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းကို အဝေးကွင်းသွားရောက်ကစားခဲ့ရမှာဖြစ်လို့ ပွဲချိန်ပြည့်ယှဉ်ကစားဖို့တော့ အခက်တွေ့မှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းငါးပွဲမှာလဲ တစ်ပွဲသာအနိုင်ရခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာမရှိဘဲ ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းအမှတ်ပေးပြိုင်ပွဲပထမအကျော့တွေ့ဆုံမှုမှာလဲ အင်တာမီလန်အသင်းက သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့သလို လက်ရှိအကျော့ပေးမှုကလဲ အင်တာမီလန်အသင်းက တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပျော်ခွင့်ရှိတာကြောင့် အိမ်ရှင်အင်တာမီလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ချီ | ၀ | - | ၄ | အင်တာမီလန် |
| အင်တာမီလန် | ၄ | - | ၀ | အတ္တလန်တာ |
| အင်တာမီလန် | ၂ | - | ၁ | ဂျီနိုအာ |
| ဘိုလော့နာ | ၀ | - | ၁ | အင်တာမီလန် |
| အေတီကို | ၂ | - | ၁ | အင်တာမီလန် |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၁ | - | ၁ | နာပိုလီ |
| ဆက်ဆူအိုလို | ၁ | - | ၆ | နာပိုလီ |
| နာပိုလီ | ၂ | - | ၁ | ဂျူဗင်တပ် |
| နာပိုလီ | ၁ | - | ၁ | တိုရီနို |
| ဘာစီလိုနာ | ၃ | - | ၁ | နာပိုလီ |

### ဆီဗီလာအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ နည်းပြသစ်ဆန်းချက်ဖလိုရက်စ် လက်ထက်မှာ ကစားပုံတိုးတက်လာတာကြောင့် အမှတ်ပေးပွဲ ၂၈ ပွဲအပြီးမှာ ရမှတ် ၂၈ မှတ်ထိရခဲ့ပြီး အဆင့်(၁၄)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်ကိုရှုံးခဲ့ရင်တော့ တန်းဆင်းဇုန်ဖိအားအောက်ရောက်နိုင်လို့ နည်းပြသစ်အနေနဲ့ အိမ်ကွင်းမှာ ရမှတ်မဆုံးရှုံးဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ နည်းပြသစ်ကတော့ တိုက်စစ်ကောင်းတဲ့အသင်းဆိုရင် ၅-၃-၂ ကစားကွက်နဲ့ပွဲထွက်ပြီး ခြေရည်တူအသင်းတွေဆိုရင် ၃-၅-၂ ကစားကွက်ကိုအသုံးပြုခဲ့သလို ပြိုင်ပွဲအတွင်းမှာလဲ ကစားကွက်ပိုင်းအပြောင်းအလဲပြုလုပ်နိုင်စွမ်းရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းကလဲ ပွဲတိုင်းဂိုးရခဲ့တာကြောင့် ဆဲလ်တာဗီဂိုလိုခံစစ်ပိုင်းအားနည်းနေတဲ့အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးထားတဲ့ ဆဲလ်တာဗီဂိုအသင်းဟာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၁၇)မှာရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီနောက်ဆုံးငါးပွဲစလုံး သူတို့အနိုင်ရခဲ့တာကလဲ အယ်မာရီယာလို ဇယားအောက်ဆုံးမှာရှိတဲ့အသင်းကိုအနိုင်ရခဲ့တာကြောင့် သူတို့အသင်းရဲ့ကစားပုံက လိုအပ်ချက်တွေများနေတာကိုသတိပြုရမှာပါ။ နည်းပြဘင်နီတက်ဇ်ကတော့ တိုက်စစ်မှာ လာဆင်နဲ့ အက်ပက်စ်တို့ကိုအထောင်ထားပြီး ၄-၄-၂ ကစားကွက်နဲ့ပွဲထွက်နေပေမဲ့ တိုက်စစ်မှူးတွေ ဂိုးရဖို့ရုန်းကန်နေရသလို ခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိနေတာကြောင့်ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းသုံးပွဲဆက်မှာလဲ နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းက ကိုးဂိုးထိခွင့်ပြုခဲ့ရတာကြောင့် ဆီဗီလာလို တိုက်စစ်ထက်မြက်နေတဲ့အသင်းကို ဆဲလ်တာဗီဂိုခံစစ်ပိုင်းက ဂိုးပေးရဖို့များပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးလေးပွဲထိပ်တိုက်တွေ့ဆုံမှုမှာ သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ လက်ရှိခြေစွမ်းပိုင်းကောင်းနေတဲ့ဆီဗီလာအသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၀ | အေတီကို |
| ဗလင်စီယာ | ၀ | - | ၀ | ဆီဗီလာ |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၃ | - | ၂ | ဆိုစီဒက် |
| အယ်မာရီယာ | ၂ | - | ၂ | ဆီဗီလာ |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၃ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဘာစီလိုနာ |
| ကာဒီဇက် | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | အယ်မာရီယာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဆဲလ်တာဗီဂို |




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ပိုင်ဖုန်းမှုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

Myanmar MOBILE MONEY

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



## ဝန်ထမ်းအလိုရှိသည်

**N'Modes Fashion & Sportwear**

(1) **အရောင်းဝန်ထမ်း** (မ) ၅ ဦး (အသက်(၁၈-၃၀)အတွင်း)
(2) **သန့်ရှင်းရေး** (မ) ၁ ဦး (အသက်(၂၅-၃၅)အတွင်း)
- ပညာအရည်အချင်းကန့်သတ်ချက်မရှိ။
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အလုပ်ကြိုးစားချင်စိတ်ရှိသူ ဦးစားပေးမည်။

ဆိုင်လိပ်စာ – 62လမ်း၊ 38×39ကြား၊ မနော်ရမ္မံတိုက်တန်း၊ တိုက်တန်း804၊ မဟာအောင်မြေ၊ မန္တလေး။
ဖုန်းနံပါတ်။ 09-899619995 ၊ 09-779222434



## ဝန်ထမ်းအလိုရှိသည်

**"ခိုင်ကျော်" လျှပ်စစ်ပစ္စည်းဖြန့်ချိရေး**

* **ဆိုင်ကူ + ပစ္စည်းပို့ ကျား (၂)ဦး**
- ဆိုင်ကယ်မောင်းလိုင်စင်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။

လိပ်စာ။ ။ အမှတ်(၃၉၄/ခ)၊ ၈၂လမ်း၊ ၃၁×၃၂ကြား၊ မန္တလေး။
ဖုန်း။ ။ 02-4069868 , 02-4068952, 09-5014631 , 09-971919111



## မီး သတိပြု



## ဝန်ထမ်းအလိုရှိသည်

(၁) **ဆိုလာ–အင်ဗာတာကျွမ်းကျင်သူ ကျား (1) ဦး**
**အင်ဗာတာဆားကစ်ပြုပြင်နိုင်သူ**
- လစာ 250,000/- + ရက်မှန်ကြေး 20,000

(၂) **ဆိုင်ကူ ကျား (2) ဦး**
(က)လိုင်စင်ရှိရမည်။
- လစာ 220,000/- + ရက်မှန်ကြေး 20,000

(၃) **အရောင်းဝန်ထမ်း မ (1) ဦး**
အရောင်းပိုင်းအတွေ့အကြုံရှိရမည်။
- လစာ 220,000/- + ရက်မှန်ကြေး 20,000

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**Kedia Lights လျှပ်စစ်၊ အမှတ်(283), 81, (26×27)**



## ID Company ဝန်ထမ်းအလိုရှိသည်

(1) **Computer စာရင်းကိုင်(မ)** - 2 ဦး
(Computer ကျွမ်းကျင်)
(2) **အရောင်းစာရေး(ကျား/မ)** - 8 ဦး
(3) **Marketing (ကျား/မ)** - 8 ဦး
(4) **Sale & Drive (ကျား)** - 8 ဦး
(5) **Driver (ကျား)** - 2 ဦး

*CV Form နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်*
(လုပ်ငန်းအတွေ့အကြုံရှိသူသာ)
**Mandalay-76 လမ်း၊ 30×31 ကြား**
**09-798994888 (25-3-2024 ထိ)**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၀၉ (ရုံးချိန်အတွင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ရေသီး ရေတကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်း ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည် ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို


ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား၊ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၅**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

စာမျက်နှာ - ၂၀

၂၀၂၃ ခုနှစ် မြန်မာတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဇင်ကိုကိုနှင့် စိန်ဖော့တို့ ရရှိ

စာမျက်နှာ - ၉

အင်္ဂါဂြိုဟ်၏ ဒြပ်ဆွဲအားက ကမ္ဘာမြေ၏ ရာသီဥတုအပေါ် နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင် တစ်ကြိမ်ကျ အကျိုးသက်ရောက်မှုရှိတတ်

စာမျက်နှာ - ၇

## တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း၊ တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့်အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်

၁။ အကောက်ခွန်ဦးစီးဌာနသည် ရန်ကုန်ဇရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့တွင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System)ကို အသုံးပြုလျက်ရှိပြီး ယခုအခါ တိုးချဲ့ဒေသအဖြစ် တာချီလိတ်နယ်စပ်ဒေသတွင် ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်မှစတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ တာချီလိတ်နယ်စပ်ဒေသတွင် MACCS စနစ် အောင်မြင်စွာအသုံးပြုနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှုဆက်စပ်ဌာနများ၊ တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်မြို့ရှိ ကုန်ပစ္စည်းတင်သွင်း၊တင်ပို့သည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS User များအတွက်

စာမျက်နှာ ၂၁ ကော်လံ ၁ ❑